# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၉]


အရိယ သစ္စာန ဒဿနံ
ဧတံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# ငြိမ်းချမ်းရေးရောင်ခြည်ထွန်းလင်းလာမည့် ငွေတောင်ပြည်နေ့ရက်များ




၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက်က သံလွင်တံတား (ဖားဆောင်း)ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့စဉ်။

နေမင်းကြီး အလင်းရောင်ဖျော့လာသည်နှင့်တစ်ပြိုင်နက် မျက်လုံးများက အိမ်နံရံထက်မှ အဖြူရောင်သစ်လွင်နေသည့် မီးခလုတ်လေးဆီသို့ အကြည့်ရောက်သည်။ သားသမီးများ စနောက်မည်စိုးသဖြင့်သာ နေလုံးကြီး ပျောက်ကွယ်သည်အထိ စောင့်နေရခြင်းဖြစ်သည်။ ခုတော့ ဒေါ်ဂလဲရစ္စ မီးခလုတ်ကို အားပါးတရ ဖွင့်သည်။ "ဖြောက်ခနဲ" ဖြူလွလွ အယ်အီးဒီမီးရောင်က အိမ်တစ်လုံးကို ဖုံးလွှမ်းသွားသောအခါ ဆက်တိုက်ပင် တီဗွီခလုတ်ကိုဖွင့်ဖို့ သူကြိုးစားသည်။ ခုအချိန်ဆိုလျှင် သူအကြိုက်ဆုံးကဏ္ဍဖြစ်သည့် "ဆိုကြမယ်၊ ပျော်ကြမယ်" အစီအစဉ်လာတော့မည်။ မြန်မာသံစဉ်သီချင်းလေးများမို့ တီဗွီရှေ့၌ ဆေးပေါ့လိပ်ဖွာရင်း စောင့်ရတော့မည်။

မီးရရှိသည်က ယနေ့ကစရေတွက်လျှင် နှစ်လပင်မပြည့်တတ်သေး။ မီးမရမီတုန်းက ဆိုလာကို အသုံးပြုခဲ့သော်လည်း မှုန်ပျပျသာ။ အခုတော့ ထမင်းချက်၊ ရေနွေးအိုးတည်ကအစ စာမျက်နှာ ၈ ကော်လံ ၁ *

> " ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေး လုပ်ချင်တာဖြစ်ဖြစ်၊ ကျန်းမာရေးမြှင့်ချင်တာဖြစ်ဖြစ် ပညာရေးမြှင့်ချင်တာဖြစ်ဖြစ် မတည်ငြိမ်ရင်တော့ ဘယ်သူမှ စွန့်စားမှာမဟုတ် "




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လယ်ယာကဏ္ဍအဆင့်မြင့်မား စားရေရိက္ခာတိုးပွား

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ နောက်ဆုံးခန့်မှန်းစစ်တမ်းများအရ လက်ရှိကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ရှိသည့်အနက်မှ သန်း ၈၀၀ နီးပါးသည် အာဟာရချို့တဲ့မှုပြဿနာကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ခံစားနေကြရပါသည်။ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးရှိ ကျေးလက်နေပြည်သူအများစုသည် ဆင်းရဲမွဲတေမှု၊ အာဟာရမပြည့်ဝမှုများဖြင့် ရင်ဆိုင်နေကြရပါသည်။ ထို့ကြောင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ထောင်စုနှစ်ရည်မှန်းချက်အဖြစ်ချမှတ်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးငတ်မွတ်သူဦးရေကို ထက်ဝက်အထိ လျှော့ချသွားနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ဤရည်မှန်းချက်ကိုပြည့်ဝအောင် အကောင်အထည်ဖော်ရန်မှာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် လယ်ယာကဏ္ဍအဆင့်မြင့်မားအောင် ဖြည့်ဆည်းပေးခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိနိုင်ပါ။ လယ်ယာ၊ သားငါး ထုတ်လုပ်မှုကဏ္ဍကို အဆင့်မြင့်မားတိုးတက်အောင် ဖြည့်ဆည်းပေးရန် အထူးအရေးကြီးပါသည်။ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွား၍ လယ်ယာလုပ်ငန်းခွင်တွင် ပျော်ပိုက်အောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိပါသည်။

လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် လုပ်ကွက်ငယ်တောင်သူလယ်သမားမိသားစုများ၏ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် မြေယာလုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုပေးခြင်း၊ သီးနှံရာသီအလိုက် ချေးငွေများ ပိုမိုထုတ်ချေးပေးခြင်း၊ သုတေသနနှင့်ပညာပေးစနစ်များ ပြုပြင်ပြောင်းလဲခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ စက်မှုလယ်ယာစနစ်ဖော်ဆောင်ခြင်း၊ စိုက်ပျိုးရေကောင်းမွန်စွာရရှိရေး ဆည်မြောင်းတာတမံများ ဆောက်လုပ်ပေးခြင်း အစရှိသဖြင့် ဖြည့်ဆည်းပံ့ပိုးလျက်ရှိပါသည်။

သို့သော် ရှေးအခါက လယ်သမားတစ်ဦးချင်း လယ်မြေပိုင်ဆိုင်မှုသည် အနည်းဆုံး ၁၀ ဧက မှ ဧက ၂၀ အထိ ပိုင်ဆိုင်ကြလေ့ရှိပါသည်။ တစ်နှစ်ပတ်လုံး လယ်ယာထွက်ကုန်သီးနှံများအပေါ်တွင် မှီခိုစားသောက်နိုင်ကြပါသည်။ ယနေ့ခေတ်တွင် ကျေးလက်လယ်သမားမိသားစုများ တိုးပွားလာခြင်း၊ အလွန်အမင်းဆင်းရဲခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသော ပြဿနာများကြောင့် လယ်သမားတစ်ဦးချင်းမြေယာပိုင်ဆိုင်မှုများ လျော့နည်းလာကြပါသည်။ သို့အတွက် လယ်ယာကိုင်းကျွန်းထွက်ကုန်သီးနှံများအပေါ်တွင် ရေရှည်မှီခိုစားသောက်နေထိုင်ရန် အခက်အခဲများနှင့် ရင်ဆိုင်လာကြရပါသည်။ လယ်ယာလုပ်ငန်းထက် ဝင်ငွေကောင်းသော အခြားစီးပွားရေးလုပ်ငန်းများသို့ ရွှေ့ပြောင်းလုပ်ကိုင်လာကြရာမှ လယ်ယာလုပ်သားရှားပါးမှုများနှင့် ထပ်မံရင်ဆိုင်ကြရပြန်ပါသည်။

သို့အတွက် လယ်ယာမြေသစ်များ ဖော်ထုတ်ပေးခြင်း၊ အဆင့်မြင့်လယ်ယာမြေများဖော်ထုတ်ပေးခြင်း၊ ယာမြေမှလယ်မြေအဖြစ် ပြောင်းလဲပေးခြင်း၊ ဆယ့်နှစ်ရာသီပတ်လုံး စိုက်ပျိုးရေရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လယ်ယာသီးနှံအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ လျော့နည်းအောင် ဆောင်ရွက်ပေးခြင်း အစရှိသဖြင့် ဖြည့်ဆည်းပေးနိုင်မှသာ လယ်ယာကဏ္ဍကို မြှင့်တင်ပေးရာရောက်ပါသည်။ လယ်ယာကဏ္ဍအဆင့်မြင့်မားလာမှသာလျှင် စားရေရိက္ခာတိုးပွားအောင် ထုတ်လုပ်လာနိုင်ခြင်း ထောင်စုနှစ်ရည်မှန်းချက်အတိုင်း ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ထိရောက်စွာဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## သဘာဝဘေးကြုံပြည်သူများအတွက် ကယားပြည်နယ်ရဲတပ်ဖွဲ့က ထောက်ပံ့လှူဒါန်း



**လွိုင်ကော် အောက်တိုဘာ ၁၈**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသမှ သဘာဝဘေးကြုံပြည်သူများကို ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်တိုးနှင့် ဇနီးဒေါ်စန်းစန်းလှ ဦးဆောင်သော ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်မိသားစုများက ခြုံစောင် ၁၇၅ ထည်၊ တီရှပ် ၁၅၀၊ ထောပတ်မုန့်ကြွပ်ရှစ်ဖာ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀ နှင့် အဝတ်အထည် ပီနံအိတ် ၂၁ အိတ်တို့ကို အောက်တိုဘာ ၁၆ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## အသက်၂၃ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်

**ပုသိမ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက်(၂၃)နှစ်အောက် အမျိုးသားဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက်က ဧရာဝတီယူနိုက်တက် ဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအေးကျော်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဧရာဝတီယူနိုက်တက်ဘောလုံးအသင်းမှတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီယူနိုက်တက် FC အသင်းဥက္ကဋ္ဌ ဦးမင်းလှိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ဝန်ကြီးက ဖြည့်စွက်အမှာစကား ပြောကြားကာပြိုင်ပွဲကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲအဖြစ် ပုသိမ်ခရိုင်အသင်းနှင့် ဟင်္သာတခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုသိမ်ခရိုင်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**



အောက်တိုဘာ ၁၇ ရက်က လှိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းကို လှိုင်မင်္ဂလာခန်းမ၌ ကျင်းပရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးငွေထွန်းဦးနှင့် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ပညာပေးဆွေးနွေးပို့ချစဉ်။

မီးမီး(လှိုင်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဘောဂသီရိကားဝင်း မ. ထ. သ(အဝေးပြေး)ခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ရဲလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လမ်းအသုံးပြုကြသူတိုင်း စနစ်တကျလိုက်နာတတ်စေရန် ၂၀၁၅ ခုနှစ် ပြဋ္ဌာန်းထားသော မော်တော်ယာဉ်ဥပဒေပြစ်မှု၊ ပြစ်ဒဏ်များကို သိရှိနားလည်စေရန် ပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲမေများနှင့် တပ်ဖွဲ့ဝင်များက ဟောပြောပွဲတက်ရောက်လာကြသော ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်ဂိတ်မှူးများ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး ကျေးရွာများ၌ ပညာပေး

**မိုးညှင်း အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို အောက်တိုဘာလဒုတိယပတ်က လုံးခန့်ကျေးရွာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်သိမှတ်ဖွယ်ရာများကို လည်းကောင်း၊ အင်းတော်ကြီးဘေးမဲ့တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရခြင်းကို လည်းကောင်း၊ **FFI**၏ ပံ့ပိုးဆောင်ရွက်မှုများကို လည်းကောင်း၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ငှက်များနှင့်မိတ်ဖွဲ့ခြင်း၊ ငှက်မျိုးစိတ်မှ လူနှင့်တိရစ္ဆာန်ကို အကျိုးပြုပုံ၊ လင်းယုန်နှင့် စွန်ငှက်မျိုးစိတ်များမှ စိုက်ပျိုးလယ်ကွက်အတွင်း ကြွက်များကို ရှာဖွေစားသောက်ခြင်းဖြင့် တောင်သူများကို အကျိုးပြုပုံနှင့် ပလတ်စတစ်အန္တရာယ် ဝိုင်းဝန်းကာကွယ်ရေးကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**မိုးအောင်(ကချင်မြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၉၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၄၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၉၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၆ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

## သတင်းဌာနများသည် မိမိတို့၏သိက္ခာကိုလေးစားပြီး မီဒီယာကျင့်ဝတ်များနှင့်အညီ ရေးသားထုတ်လွှင့်သွားကြရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
**နေပြည်တော် အောက်တိုဘာ ၁၈**

၁။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက် ဘီဘီစီ (မြန်မာပိုင်းအစီအစဉ်)၏ နံနက်ပိုင်းအစီအစဉ်တွင် လှိုင်သာယာမြို့နယ်နေ ကိုအောင်ဆိုသူမှ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြောဆိုချက်ကို ထုတ်လွှင့်ခဲ့ပါသည်။ ထုတ်လွှင့်ချက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရေဒီယိုနှင့် ပိုက်ဆံများပေး၍ မဲဆွယ်လျက်ရှိကြောင်း၊ မှတ်ပုံတင်နံပါတ်များ တောင်းခံကြောင်း၊ ၎င်းတို့အနေဖြင့် ဆိုက်ကားများတွင် NLD အလံစိုက်ထားပြီး နဖူးစည်းများစည်းထားကြောင်းနှင့် NLD ကိုသာ စိတ်ဝင်စားပြီး NLD အစိုးရဖွဲ့နိုင်ဖို့ မျှော်လင့်ကြောင်းပြောဆိုချက်ကို ထုတ်လွှင့်သွားပါသည်။

၂။ အဆိုပါထုတ်လွှင့်ပြောကြားချက်အရ ငွေပေးမဲဆွယ်ပါက ရွေးကောက်ပွဲဥပဒေ ၅၈(က) အရ လာဘ်ပေးခြင်းနှင့် ငြိစွန်းပြီး တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။ NLD အလံထောင်ထားပြီး နဖူးစည်းထားသူတို့အား အခြားပါတီမှ ယခုကဲ့သို့ ငွေပေးမဲဆွယ်စည်းရုံးမည်မဟုတ်ပါ။ ငွေပေးစည်းရုံးပါကလည်း သိက္ခာချလို၍ လုပ်ကြံဆောင်ရွက်ချက်သာဖြစ်မည်ဟု ယူဆရပါသည်။

၃။ သတင်းဌာနများသည် မီဒီယာကျင့်ဝတ်နှင့်အညီ ဘက်မလိုက်ဘဲ တိကျမှန်ကန်သော သတင်းများထုတ်လွှင့်သင့်ပါသည်။ မတိကျ မမှန်ကန် ဘက်လိုက်သောသတင်းထုတ်လွှင့်ချက်များသည် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေးကို ထိခိုက်လာစေနိုင်သည်ဟု ယူဆပါသည်။

၄။ သို့ဖြစ်ပါ၍ သတင်းဌာနများသည် မိမိတို့၏သိက္ခာကိုလေးစားပြီး မီဒီယာကျင့်ဝတ်များနှင့်အညီ ရေးသားထုတ်လွှင့်သွားကြပါရန် သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်**
**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၇ နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ် ရုံးများ၌ ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲပေးလျက်ရှိပါသည်။

ပြည်ပရောက်မဲဆန္ဒရှင်ပြည်သူများဆန္ဒပြုမည့် ကြိုတင်ဆန္ဒမဲလက်မှတ်ရှေ့ဘက် မဲရုံမှူးလက်မှတ်နေရာတွင် မဲရုံမှူးလက်မှတ်ပါရှိမည်မဟုတ်ပါ။ ကြိုတင်ဆန္ဒမဲလက်မှတ်နောက်ကျောတွင်သာ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ခံ၏အမည်၊ တံဆိပ်နှင့် လက်မှတ်ပါရှိပါမည်။ သို့သော်လည်း အချို့သောသံရုံးများသည် မဲရုံမှူးလက်မှတ်နေရာတွင် သံရုံးတာဝန်ခံမှ လက်မှတ်ရေးထိုးကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကြိုတင်မဲတွင် မဲလက်မှတ်၏နောက်ကျော၌ထုတ်ပေးသောမြို့နယ်မှ တံဆိပ်၊ အမည်၊ လက်မှတ်တစ်ခုခုပါပြီး မဲရုံမှူးနေရာတွင် သံရုံးတာဝန်ခံအရာရှိက လက်မှတ်ရေးထိုးထားပါကလည်း ခိုင်လုံသောမဲအဖြစ် သတ်မှတ်ပါမည်။

နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးခွင့်ရှိသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲပေးခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာမဲရုံသို့ ပြန်လည်ရောက်ရှိဆန္ဒမဲပေးလိုပါက သက်ဆိုင်ရာမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အကြီးအမှူးတို့ထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကိုရယူပြီး သက်ဆိုင်ရာမဲရုံမှူးထံတင်ပြ၍ ဆန္ဒမဲပေးနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် အောက်တိုဘာ ၁၃ ရက်မှ ၂၃ ရက်အတွင်း သံရုံးများအလိုက် နေ့ရက်များသတ်မှတ်ပြီး မဲရုံများဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၃ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ ၁၁ ဦး၊ အောက်တိုဘာ ၁၄ ရက်က ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံး၌ ၄၂ ဦး၊ အောက်တိုဘာ ၁၅ ရက်က ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံး၌ ခြောက်ဦး၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ ၄၃ ဦး၊ စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ ၁၈၉၀၊ အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ရှိ မြန်မာသံရုံး၌ ၃၀၊ အောက်တိုဘာ ၁၆ ရက်က ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာသံရုံး၌ ၁၂၀၊ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ မြန်မာသံရုံး၌ ၁၆ ဦး၊ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ မြန်မာသံရုံး၌ ခုနစ်ဦး၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ မြန်မာသံရုံး၌ လေးဦး၊ ကူဝိတ်နိုင်ငံ ကူဝိတ်မြို့ရှိ မြန်မာသံရုံး၌ ရှစ်ဦး၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ ၈၁ ဦး၊ စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ ၃၁၅၁ ဦးနှင့် အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ရှိ မြန်မာသံရုံး၌ ၁၂၆ ဦး စုစုပေါင်း ၅၅၃၇ ဦး ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြသည်။

အောက်တိုဘာ ၁၇ ရက်ကလည်း ထိုင်းနိုင်ငံ၊ တရုတ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ အီဂျစ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ နီပေါ၊ ကူဝိတ်၊ ဗြိတိန်၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ နော်ဝေ၊ ကနေဒါ၊ ပြင်သစ်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဂျပန်၊ လာအိုနှင့် အမေရိကန်ပြည်ထောင်စုရှိ မြန်မာသံရုံး ၂၂ ရုံး၊ အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံး နှစ်ရုံး၊ ဟောင်ကောင်မြို့၊ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၊ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် နန်နင်းမြို့၊ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့နှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံးတို့၌ မဲဆန္ဒရှင် ၆၃၆၉ ဦးတို့ လာရောက်၍ ကြိုတင်ဆန္ဒမဲများပေးခဲ့ကြသဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်စုစုပေါင်း ၁၁၉၀၆ ဦး ရှိကြောင်း၊ ကြိုတင်ဆန္ဒမဲလာရောက်ပေးကြသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် လိုအပ်သည်များ စီမံ



**ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူ တစ်ဦးကို တွေ့ရစဉ်။**

ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးခွင့်ရှိသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲပေးခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာမဲရုံသို့ ပြန်လည်ရောက်ရှိဆန္ဒမဲပေးလိုပါက သက်ဆိုင်ရာ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အကြီးအမှူးတို့ထံမှ ဆန္ဒမဲမပေးရသေးကြောင်း သက်သေခံလက်မှတ်ကိုရယူပြီး သက်ဆိုင်ရာ မဲရုံမှူးထံတင်ပြ၍ ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများကို တွေ့ရစဉ်။**

## မစ္စတာ စတန်နီစလပ် အိုပီလာကို မြန်မာနိုင်ငံဆိုင်ရာ ဆလိုဗက်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

မစ္စတာ စတန်နီစလပ် အိုပီလာအား ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆလိုဗက်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်ပါသည်။

မစ္စတာ စတန်နီစလပ် အိုပီလာအား ၁၉၅၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ဆလိုဗက်နိုင်ငံ လီဗိုကာမြို့၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၇၁ ခုနှစ်တွင် ဘရာတီစလာဗာ စီးပွားရေးတက္ကသိုလ်မှ လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် မော်စကို နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ လည်းကောင်း အောင်မြင်ခဲ့သူဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်တွင် ယခင်ချက်ကိုဆလိုဗက်ကီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကွန်ဂိုနိုင်ငံနှင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၂ ခုနှစ်အထိ တူနီးရှားနိုင်ငံဆိုင်ရာ ချက်ကိုဆလိုဗက်ကီးယားသံရုံးများအပါအဝင် ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယင်းနောက် ၁၉၉၃ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ တူနီးရှားနိုင်ငံဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံသံရုံးယာယီတာဝန်ခံအဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံများပေါင်းစည်းညီညွတ်ရေးဆိုင်ရာဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ် အထိ ကနေဒါနိုင်ငံဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံသံရုံး ဒုတိယသံရုံးအကြီးအကဲနှင့် သံရုံးယာယီတာဝန်ခံအဖြစ်လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဥရောပအလယ်ပိုင်းဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ကနေဒါနိုင်ငံဆိုင်ရာ ဆလိုဗက်သံရုံး ဒုတိယအကြီးအကဲ၊ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အဆင့်မြင့်အရာထမ်းနှင့် ကနေဒါနိုင်ငံဆိုင်ရာ ဆလိုဗက်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိ ဆလိုဗက်နိုင်ငံခြားရေးဝန်ကြီးဌာန ကုလသမဂ္ဂဆိုင်ရာဦးစီးဌာနတွင် အဆင့်မြင့်အရာထမ်းအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဝန်ကြီးချုပ်ရုံးတွင် ဒင်းညူဒေသဆိုင်ရာ အီးယူမဟာဗျူဟာသို့ ဆလိုဗက်သမ္မတနိုင်ငံမှ အဖွဲ့ဝင်ဖြစ်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန အမေရိကဦးစီးဌာန၌ အဆင့်မြင့်အရာထမ်းအဖြစ် လည်းကောင်း တာဝန်များအဆင့်ဆင့် ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှ စတင်၍ ဆလိုဗက်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးသုံးယောက်ရှိပါသည်။ **(သတင်းစဉ်)**

# ထောင်နှင့်ချီသော ရွှေ့ပြောင်းနေထိုင်သူများ ခရိုအေးရှားမှတစ်ဆင့် ဆလိုဗေးနီးယားသို့ဝင်ရောက်

**ဥရောပ အောက်တိုဘာ ၁၈**

ဟန်ဂေရီက ၎င်း၏နယ်စပ်ကိုပိတ်လိုက်ပြီးနောက် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများသည် ခရိုအေးရှားမှတစ်ဆင့် ဆလိုဗေးနီးယားသို့ လမ်းကြောင်းပြောင်း၍ ဝင်ရောက်လာကြသည်။

ဩစတြီးယား၊ ဂျာမနီနှင့် အခြားနိုင်ငံများသို့ ရောကြည်ရာမြက်နုရာ နယ်ပယ်သစ်များရှာဖွေနေထိုင်ရန် မျှော်လင့်ချက်ဖြင့် ဆလိုဗေးနီးယားသို့ ရွှေ့ပြောင်းနေထိုင်သူ ၂၇၀၀ ခန့် စနေနေ့က ရောက်ရှိလာခဲ့သည်။

ဆလိုဗေးနီးယားတပ်မတော်အနေဖြင့် အဆိုပါရွှေ့ပြောင်းဒုက္ခသည်များ ဝင်ရောက်လာမှုကို ကူညီပေးနေသော ရဲတပ်ဖွဲ့ဝင်များအား အကူအညီပေးရန်အသင့်ရှိနေကြောင်း ဝန်ကြီးချုပ်မီရိုဆီးဆာက ပြောသည်။

ဆလိုဗေးနီးယားနိုင်ငံအနေဖြင့် ဩစတြီးယားနှင့်ဂျာမနီတို့က ယင်းတို့၏ နယ်စပ်ဝင်ပေါက်များကို ဖွင့်ထားပေးမည်ဆို၍ ရွှေ့ပြောင်းနေထိုင်သူများကို လက်ခံမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုလိုက်သည်။

ဥရောပသမဂ္ဂခေါင်းဆောင်များက ခိုလှုံသူများ လက်ခံရေးအစီအစဉ်တစ်ရပ်ကို သဘောမတူဖြစ်ခဲ့ပြီးနောက် သောကြာနေ့ ညပိုင်းမှစတင်ကာ ဟန်ဂေရီက ခရိုအေးရှားနှင့် ထိစပ်နေသောနယ်စပ်ကို ပိတ်ထားခဲ့သည်။

(ရိုက်တာ)

# ကွတ်ပူအမည်ရှိ တိုင်ဖုန်းမုန်တိုင်း ဖိလစ်ပိုင် အရှေ့မြောက်ပိုင်း ကယ်စီဂူရန်အော်ရိုရာပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်



**မနီလာ အောက်တိုဘာ ၁၈**

ဖိလစ်ပိုင်အရှေ့မြောက်ပိုင်း ကယ်စီဂူရန်အော်ရိုရာပြည်နယ်သို့ အောက်တိုဘာ ၁၈ ရက်နံနက် ၁ နာရီတွင် ကွတ်ပူအမည်ရှိတိုင်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာသဘာဝဘေးလျှော့ချရေးအဖွဲ့က အောက်တိုဘာ ၁၈ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါ မုန်တိုင်းသည် ပန်တာဘန်ဂန်နှင့် ချူဘာအီစီဂျာကို ဗဟိုပြုပြီး တိုက်ခတ်ခဲ့သည်။ အဆိုပါမုန်တိုင်း၏ လေတိုက် နှုန်းမှာ တစ်နာရီလျှင် ၁၈၅ ကီလိုမီတာရှိသည်။ သဘာဝဘေးများဖြစ်ပေါ်လာနိုင်သဖြင့် လူပေါင်း ၁၆၀၀၀ ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရကြောင်း၊ အမျိုးသားသဘာဝဘေးလျှော့ချရေးစီမံခန့်ခွဲမှုကော်မတီက ဆိုသည်။ ပြည်နယ် ၂၇ ခုရှိ ကျောင်းများကို စနေနေ့မှစ၍ ပိတ်ထားရကြောင်း၊ ပြည်တွင်းလေယာဉ်ခရီးစဉ် ၃၈ ခုနှင့် အပြည်ပြည်ဆိုင်ရာလေယာဉ် ခရီးစဉ်နှစ်ခုတို့ကို ဖျက်သိမ်းခဲ့ရကြောင်း ယင်းကော်မတီ၏ အမှုဆောင်ဒါရိုက်တာ အလက်ဇန်းဒါးပါးမားကဆိုသည်။ ရေကြီးမှုနှင့် မြေပြိုမှုကြောင့် တံတား ၁၀ စင်းနှင့် လမ်းပိုင်း ၁၄ ခု ပျက်စီးသွားကြောင်း သိရသည်။

(ဆင်ဟွာ)

# အိန္ဒိယကမ်းလွန်တွင် ဂျပန်၊ အမေရိကန်နှင့်အိန္ဒိယတို့ ပူးတွဲစစ်ရေးလေ့ကျင့်



**တိုကျို အောက်တိုဘာ ၁၈**

ဂျပန်နိုင်ငံ၏ ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ စစ်သင်္ဘောများသည် အိန္ဒိယသမုဒ္ဒရာတွင် အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံတို့နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပင်လယ်ရေကြောင်း စစ်ရေးပူးတွဲလေ့ကျင့်မှုကို အိန္ဒိယနိုင်ငံတောင်ပိုင်း ချန်နိုင်းကမ်းလွန်နှင့် ကီလိုမီတာ ၃၀၀ ကွာဝေးသော ရေပိုင်နက်တွင် ပြုလုပ်ခဲ့ပြီး နိုင်ငံသုံးနိုင်ငံမှ စုစုပေါင်းရေယာဉ် ၁၀ စင်း ပါဝင်ခဲ့သည်။ ရေငုပ်သင်္ဘောနှင့် တိုက်ခိုက်ရေးလေယာဉ်များက ပူးပေါင်းတိုက်စစ်ဆင်မှုကို အခြေခံ၍ ပူးတွဲစစ်ရေးလေ့ကျင့်မှုပုံစံအနေဖြင့် လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သည် လွန်ခဲ့သည့်ရှစ်နှစ်ကလည်း အလားတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို အိန္ဒိယသမုဒ္ဒရာတွင် ပြုလုပ်ခဲ့သည်။ ထိုအချိန်ကတည်းက တရုတ်နိုင်ငံ၏ ကန့်ကွက်မှုကြောင့် ဂျပန်နိုင်ငံသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ဖိတ်ကြားခြင်းမခံခဲ့ရသည်မှာ ယနေ့ထိတိုင်ဖြစ်သည်။

ဂျပန်နိုင်ငံကို ယခုတစ်ကြိမ် ဖိတ်ကြားခြင်းမှာ အရှေ့အလယ်ပိုင်းမှ အာရှသို့ ရေနံတင်ပို့ရာ ရေလမ်းကြောင်းကို လုံခြုံမှုရှိရန်ရည်ရွယ်ရင်းဖြစ်ရုံသာမက အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ်ပင်လယ်တို့တွင် တရုတ်တို့၏ ဆောင်ရွက်ချက်များ တိုးမြှင့်လာသည့်အတွက် စိုးရိမ်ပူပန်မှုများကို ဝေမျှလိုခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

(အင်န်အိတ်ချ်ကေ)

# သုံးနှစ်အတွင်း ပထမဆုံး အီဂျစ်ပါလီမန်ရွေးကောက်

**ကိုင်ရို အောက်တိုဘာ ၁၈**

သုံးနှစ်အတွင်း အီဂျစ်နိုင်ငံ၏ပထမဆုံးသော ပါလီမန်ရွေးကောက်ပွဲကို တနင်္ဂနွေနေ့က တင်းကျပ်သော လုံခြုံရေးအစီအမံများကြားမှ စတင်ကျင်းပခဲ့သည်။

ကာလအတန်ကြာ စောင့်ဆိုင်းခဲ့ရသော အဆိုပါ ပါလီမန်ရွေးကောက်ပွဲကို အောက်တိုဘာ ၁၇ ရက်နှင့် ဒီဇင်ဘာ ၂ ရက်တို့တွင် အဆင့်နှစ်ဆင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စလမ္မစ်သမ္မတ မိုဟာမက်မော်စီ ဖြုတ်ချခံရပြီးနောက် စစ်သွေးကြွများက ပုံမှန်ခြိမ်းခြောက်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာ ပထမဆင့်ရွေးကောက်ပွဲအတွက် တပ်ဖွဲ့ဝင် ၁၈၅၀၀၀ လုံခြုံရေးပေးလျက်ရှိကြောင်း ယင်းတို့တွင် ရဲတပ်ဖွဲ့ဝင် ၁၈၀၀၀၀ လည်း ပါဝင်မည်ဖြစ်ကြောင်း မီနာသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

(ဆင်ဟွာ)

# ကမ္ဘာတစ်ဝန်းမှ အသင်းပေါင်း ၄၀ ကျော်ပါဝင်သော နေစွမ်းအင်သုံးကားပြိုင်ပွဲ ဩစတြေးလျတွင်စတင်

**ကင်ဘာရာ အောက်တိုဘာ ၁၈**

ကမ္ဘာတစ်ဝန်းမှ အသင်းပေါင်း ၄၀ ကျော် ဩစတြေးလျတွင် ကျင်းပသည့် နေစွမ်းအင်သုံး ကားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့နေစွမ်းအင်သုံးစွဲမှုကို စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ယင်းကားပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်က စတင်ခဲ့သည်။

ကီလိုမီတာ ၃၀၀၀ ရှိ ၎င်းနေစွမ်းအင်သုံး ကားပြိုင်ပွဲကြီးကို မြောက်ပိုင်း ဒါဝင်မှစတင်ကာ တောင်ပိုင်းအဒဲလစ်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံ ၂၀ ကျော်မှ အသင်းပေါင်း ၄၂ သင်းသည် အစီအစဉ်အတိုင်း ဒါဝင်မြို့မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ ငါးသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ တိုကိုင်းတက္ကသိုလ်အသင်းမှာ ပထမဆုံးအောင်ပွဲခံရန် ရည်မှန်းထားကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်ယာဉ်များမှာ နေ့အချိန်များတွင်သာ အပြိုင်အဆိုင်အနိုင်ရရှိရန် ကြိုးစားရမည်ဖြစ်ပြီး လာမည့်ဗုဒ္ဓဟူးနေ့တွင် အစောဆုံးပန်းဝင်သူကို အနိုင်ရရှိသူအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသား (✔) တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများထုတ်ပြန်ကြေညာခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်

မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်များကို ဆန္ဒပြုရာတွင် အမှန်အမှတ်အသား(✔) တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာများနှင့် ပယ်မဲနမူနာများအား ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ခိုင်လုံမဲနမူနာများ




စာမျက်နှာ ၆ သို့

## မဲရုံမှူး၊ ဒုမဲရုံမှူး/မဲရုံအဖွဲ့ဝင်များ လက်တွေ့ပညာပေးသင်တန်းဖွင့်

မိုးမောက် အောက်တိုဘာ ၁၈

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီက မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လက်တွေ့ပညာပေးသင်တန်း ဖွင့်ပွဲကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းရွှေက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက် နှစ်ရက်ကျင်းပမည်ဖြစ်ပြီး မိုးမောက်မြို့နယ်အတွင်းရှိ မဲရုံ ၂၀ ရုံမှ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၁၅၀ တက်ရောက်ကာ သင်တန်းနည်းပြများအဖြစ် မြို့နယ်ပညာရေးမှူး ဒေါ်နန်ဆိုင်၊ ဥပဒေအရာရှိ ဒေါ်အိဖြိုးခိုင်၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးတို့က လက်တွေ့သရုပ်ပြသင်ကြားပို့ချခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ဒေါ့ဖုန်းယန်မြို့နယ်၌ လည်းကောင်း၊ ၂၅ ရက်မှ ၂၆ ရက်အထိ လွယ်ဂျယ်မြို့နယ်၌ လည်းကောင်း အဆိုပါသင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၈

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၉ ရက် တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မြန်မာ့အလင်း)

စာမျက်နှာ ၅ မှ

## ပယ်မဲနမူနာများ




မည်သူ့အားဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ




မည်သူ့အားဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ




ဆန္ဒပြုမည့်အကွက် ပြင်ပတွင် ဆန္ဒပြုထားသောမဲ




တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲ
(တံဆိပ်တုံးကို တစ်ကြိမ်ထက်ပို၍နှိပ်ထားသောမဲ)




တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲ
(တံဆိပ်တုံးကို တစ်ကြိမ်ထက်ပို၍နှိပ်ထားသောမဲ)




လုံးဝဆန္ဒမပြုထားသောမဲ



အစွန်းအထင်းပါသောမဲ




အမှတ်အသားပြုထားသောမဲ

# ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့် အထိမ်းအမှတ် သရုပ်ဆောင်ပြိုင်ပွဲကျင်းပ

**တောင်ငူ အောက်တိုဘာ ၁၈**

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၅)နှစ်ပြည့် အထိမ်းအမှတ် သရုပ်ဆောင်ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

သရုပ်ဆောင်ပြိုင်ပွဲတွင် ဘုရင့်နောင်မင်းတရားကြီး ယိုးဒယားကို စစ်နိုင်ပြီး အပြန်လမ်းခုလတ်နေရာတွင် ယိုးဒယားဘုရင်က ဆက်သလိုက်သည့် မင်းသမီးဆုပန်ကလျာ နှမ်းလျဆွေးမြည့်ထိတ်လန့်မှု သဏ္ဍာန်၊ ဒဏ်ရာရရဲမက်အပေါ် ဘုရင့်နောင်မင်းတရားကြီး၏ နူးညံ့သည့်နှလုံးသားကို မင်းသမီး ဆုပန်ကလျာတွေ့ရှိပြီး ချစ်သက်ဝင်ခဲ့သည့် သမိုင်းဇာတ်ရုပ်၊ ရံရွေတော်များ၊ ရဲမက်များ၏ မင်းသမီးလေး စိတ်ပျော်ရွှင်အောင် ဟာသနှောသည့် သမိုင်းဇာတ်ကွက်တို့ကို အခြေပြုထားပြီး သရုပ်ဆောင်အဖွဲ့တစ်ဖွဲ့လျှင် ဘုရင့်နောင်ဇာတ်ရုပ်၊ မင်းသမီး ဆုပန်ကလျာဇာတ်ရုပ်၊ ရံရွေတော်(၁)(၂) ဇာတ်ရုပ်၊ ရဲမက်(၁) (၂) ဇာတ်ရုပ်၊ တိုက်ပွဲတွင် ဒဏ်ရာရ ရဲမက်ဇာတ်ရုပ်ဟူ၍ ဇာတ်ကောင်ခုနစ်ဦး ပါဝင်သည့်အဖွဲ့ ၁၀ ဖွဲ့က သရုပ်ဆောင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် အဖွဲ့လိုက်အကောင်းဆုံးဆုအဖြစ် ပြိုင်ပွဲဝင်အမှတ် (၇) မောင်ထက်အောင်လင်း (ဘုရင့်နောင်) ဦးစီးသည့်အဖွဲ့က လည်းကောင်း၊ နှစ်သိမ့်ဆုအဖြစ် ပြိုင်ပွဲဝင်အမှတ်(၄) မောင်ထက်နိုင်ကို (ဘုရင့်နောင်)ဦးစီးသည့် အဖွဲ့က လည်းကောင်း ဆုများရရှိကြသည်။

ယင်းနောက် တစ်ဦးချင်းသရုပ်ဆောင်ဇာတ်ရုပ်ဆု ရရှိသူများကို ရွေးချယ်ရာ မင်းသမီးလေး ဆုပန်ကလျာအဖြစ် သရုပ်ဆောင်သည့် မနော်ဆွေဇင်ခိုင်ညွန့်က ပထမဆုကိုလည်းကောင်း၊ ဘုရင့်နောင်အဖြစ် သရုပ်ဆောင်သည့် မောင်ထက်အောင်လင်းက ဒုတိယဆုကို လည်းကောင်း၊ ဒဏ်ရာရရဲမက်နေရာတွင် သရုပ်ဆောင်သည့် မောင်စိုးကျော်ယုက တတိယဆုကို လည်းကောင်း ရရှိကြပြီး နှစ်သိမ့်ဆုများအဖြစ် ဆုပန်ကလျာအဖြစ် သရုပ်ဆောင်သည့် မမေမြင့်သူ၊ ရံရွေတော်(၁)နေရာတွင် သရုပ် ဆောင်သည့် မထက်အိကဲလှိုင်၊ ဘုရင့်နောင်နေရာတွင် သရုပ်ဆောင်သည့် မောင်ဇော်မျိုးကျော်၊ ရံရွေတော်(၂)နေရာတွင် သရုပ်ဆောင်သည့် မခေတ္တာအောင်၊ ရဲမက်(၁)နေရာတွင် သရုပ်ဆောင်သည့် မောင်ဟိန်းထက်အောင်တို့က ဆုများရရှိခဲ့ကြောင်း သိရသည်။



သရုပ်ဆောင်ပြိုင်ပွဲကို အဓိက စီစဉ်သူ ဒေါက်တာ ဒေါ်မာမာဝေက " တောင်ငူနွယ်ဝင်ဖြစ်တဲ့ တေးရေးနှလုံးသားရဲ့ နှလုံးသားကပေါက်ဖွားလာတဲ့ တောင်ငူကိုချစ်တဲ့စိတ်နဲ့ ဖန်တီးတဲ့ အနုပညာတစ်ကွက်ကို တောင်ငူသား အနုပညာရှင်တွေ ပေါင်းစပ်ပြီးတော့ တင်ဆက်ကပြရတဲ့အတွက် နိုင်ငံချစ်စိတ်၊ ဇာတိချစ်စိတ်အားကောင်း၍ မျိုးချစ်စိတ်လက်ဆင့်ကမ်း သယ်ပိုးနိုင်အောင် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ပါတယ်” ဟုပြောခဲ့သည်။ **သူရ (တောင်ငူ)**

စာမျက်နှာ ၆ မှ

## ပယ်မဲနမူနာများ




မဲရုံမှူးလက်မှတ်မပါသော မဲ



စုတ်ပြဲနေသော မဲ

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**ရပ်စောက် အောက်တိုဘာ ၁၈**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ်အတွင်း သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများအတွင်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာထွန်းအေးက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက သိရှိလိုသည်များကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



အောက်တိုဘာ ၁၆ ရက်က သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပသော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲတွင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလွင်ဦးက လျှပ်စစ်အန္တရာယ်ဖြစ်ပွားလာရခြင်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)



# ကမ္ဘာလှည့်ခရီးသည်များ ပြင်ဦးလွင်မြို့တွင်းရထားလုံးများဖြင့် လည်ပတ်

**ပြင်ဦးလွင် အောက်တိုဘာ ၁၈**

၁၈၃၇ ခုနှစ်နှင့် ၁၈၄၆ ခုနှစ်အတွင်း ရန်ကုန်မြို့တွင် စတင်အသုံးပြုခဲ့သည့် ရထားလုံးခေါ် ဗိရိုမြင်းယာဉ်တို့မှာ ယခုအခါ ပြင်ဦးလွင်မြို့တစ်မြို့တည်း၌သာ ကျန်ရှိနေပြီး မြို့၏အထင်ကရ အထိမ်းအမှတ်တစ်ခုဖြစ်နေကြောင်းလည်း သိရသည်။

ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသည်များသည် ရထားလုံးများစီးကာ မြို့တွင်းမြို့ပြင် နေရာအနှံ့လိုက်လံလည်ပတ်လေ့ရှိကြပြီး မြန်မာနိုင်ငံ၌ တစ်မြို့တည်းသာ ကျန်ရစ်ခဲ့သော ရထားလုံးစီးရခြင်းကို ပိုမိုနှစ်သက်ကြသည်ဟု ဆိုသည်။

ပြင်ဦးလွင်ရထားလုံးများသည် အနေ့းယာဉ်အမျိုးအစားထဲ၌ပါဝင်ပြီး ဖြည်းဖြည်းဆေးဆေး သက်သောင့်သက်သာစီးနင်း၍ လေ့လာလည်ပတ်ခွင့်ရသောကြောင့်လည်း ကမ္ဘာလှည့်ခရီးသည်များပို၍ နှစ်သက်ကြကြောင်း သိရသည်။

ယခုအခါ ပြင်ဦးလွင်စည်ပင်သာယာရေးအဖွဲ့သို့ တရားဝင်မှတ်ပုံတင်ထားသော ရထားလုံးအစီးတစ်ရာကျော်သာ ကျန်ရှိနေပြီး ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်ကြီးများ၌ အလှအဖြစ် ထားရှိသော ရထားလုံးများလည်း ရှိနေကြောင်း သိရသည်။ ဖွံ့ဖြိုးတိုးတက်လာသော ခေတ်ကာလအရ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မည်မျှပင်များပြားလာစေကာမူ ပြင်ဦးလွင်ရထားလုံးများသည် မြို့၏အထိမ်းအမှတ်ထာဝရ ကျန်ရှိနေအောင် အစဉ်အမြဲ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# လူလူချင်း ရောင်းစားခံရခြင်းမှ ကင်းဝေးကြပါစေ

တိုးတက် ပြောင်းလဲ နေသော ယနေ့ခေတ်အခါသမယတွင် လူလူချင်းရောင်းစားခံရခြင်းမှ ကင်းဝေးကြပါစေ၊ ဝိသမစီးပွားရေးသမားများ၏ လူမဆန်သောလူကုန်ကူးမှု၊ လူမှောင်ခိုမှုကြောင့် နှစ်စဉ် မသိနားမလည်သော လူရာပေါင်းများစွာ ဒုက္ခနှင့် ကြုံတွေ့နေရသည်။ ရိုးသားမှုကို အခွင့်ကောင်းယူ၍ လိမ်လည်လှည့်ဖြားခြင်းများနှင့် လူပွဲစားများ၏လူကုန်ကူးမှုကို ခံရခြင်းများပင်ဖြစ်သည်။ လူကုန်ကူးမှုကို များသောအားဖြင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ အများဆုံး လူကုန်ကူးခံရသည်။ ထို့အပြင် ပြည်တွင်း၌လည်း လူကုန်ကူးမှုများ ဖြစ်ပွားလေ့ရှိသည်။ လူကုန်ကူးမှု အမျိုးအစားများမှာ အဓမ္မလက်ထပ်စေခိုင်းမှု၊ အဓမ္မခိုင်းစေမှု၊ ပြည့်တန်ဆာပြုခိုင်းစေမှု၊ ကလေးမွေးစားမှု၊ ကလေးရောင်းစားမှုများဖြစ်သည်။

ယခုတလော ဆယ်ကျော်သက်ကျောင်းသား လူငယ်လေးများ ပျောက်ဆုံးမှုကို သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရှုနေရသည်။ သို့ဖြစ်၍ မြို့ကြီးများရှိ ကျောင်းများ၌ ကျောင်းဆင်း၊ ကျောင်းတက်အကြိုအပို့များတွင် အုပ်ထိန်းသူတစ်ဦးတစ်ယောက်ပါရှိရန် လိုအပ်ပေသည်။ သို့မှသာ မိမိတို့ရင်သွေးငယ်များအတွက် စိတ်အေးရမည်ဖြစ်ပြီး ကလေးခိုးမှု၊ ဆယ်ကျော်သက်များ လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးမည်ဖြစ်သည်။ အဆိုပါ လူကုန်ကူးမှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း လူကုန်ကူးမှုများ ပျောက်ကွယ်သွားခြင်းမရှိပေ။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှစ၍ လူကုန်ကူးမှုပြဿနာကို သတိပြုခဲ့မိသည်။ ၁၉၉၅ ခုနှစ် (၄)ကြိမ်မြောက် ပေကျင်း ကမ္ဘာ့အမျိုးသမီးများညီလာခံအပြီးတွင် လူမှောင်ခိုလူကုန်ကူးမှုပြဿနာအဖြစ်သတ်မှတ်ပြီး တိုက်ဖျက်ရန်စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၉၇ ခုနှစ်တွင် လူကုန်ကူးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ၂၀၀၂ ခုနှစ်ဇူလိုင် ၁၇ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး လူကုန်ကူးမှုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ကြိုတင်ကာကွယ်ရေးဥပဒေဖြင့် အရေးယူရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ သို့ဖြစ်၍ အာဆီယံဒေသအတွင်း လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်းနှင့် လူကုန်ကူးခံရသူများစိစစ်ခြင်း ကိစ္စများတွင် ယခင်ကထက် ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် လူငယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသလို ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍအနေဖြင့် တောရွာမြို့ပါ အသိပညာပေးလုပ်ငန်းများကို နည်းအမျိုးမျိုးနှင့် လူငယ်ထုပါဝင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အသိပညာပေးရုံဖြင့် ကြိုတင်တားဆီးကာကွယ်ရေးတွင် ပြည့်စုံလုံလောက်မှုမရှိသည့်အတွက် လူကုန်ကူးခံရနိုင်သည့် အကြောင်းတရားများ၊ လူကုန်ကူးမှု ဖြစ်ပွားသော နေရာများနှင့် လူကုန်ကူးခံရနိုင်သော ဦးတည်အုပ်စုများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

တစ်နည်းအားဖြင့် ရွှေ့ပြောင်းလုပ်သားများ လူကုန်ကူးမှုကင်းဝေးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှုအပိုင်းတွင် ပြည်တွင်း၌ အလုပ်အကိုင်ဖန်တီးပေးရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိရန်အတွက် ပုဂ္ဂလိကကဏ္ဍများမှ ကူညီဆောင်ရွက်ပေးသွားမှသာ လူကုန်ကူးမှုများ လျော့နည်းလာနိုင်မည်ဖြစ်သည်။

လူကုန်ကူးခံရသောသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍကို သီးခြားကဏ္ဍအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး လူကုန်ကူးခံရသူများ သတင်းအချက်အလက် မျှဝေရာစင်တာကို လူမှုဝန်ထမ်းဦးစီးဌာနတွင် ဖွင့်လှစ်ပေးနိုင်သည့်အတွက် လူကုန်ကူးခံရသူများအား နှစ်သိမ့်ဆွေးနွေးခြင်း၊ အခက်အခဲများကို ပြောဆိုနိုင်ခြင်း၊ အလုပ်အကိုင်များ ရှာဖွေပေးခြင်း၊ သားသမီးများ ပျောက်ဆုံးသည့် မိဘဆွေမျိုးများ၊ အုပ်ထိန်းသူများအား သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခြင်းများကို ဆောင်ရွက်သော်လည်း ပိုမိုထိရောက်စေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကူအညီပေးမှု လိုအပ်နေသေးကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော်လည်း လူကုန်ကူးမှု၊ လူမှောင်ခိုမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ လူကုန်ကူးမှု ၈၉ မှု ဖြစ်ပွားခဲ့ပြီး တရားခံပေါင်း ၂၆၀ ရှိခဲ့ရာ ၁၇၂ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ တရုတ်၊ ထိုင်း၊ မလေးရှားနိုင်ငံများသို့ အများဆုံးဖြစ်ခဲ့ပြီး အဓမ္မလက်ထပ်ခိုင်းစေမှု ၅၀၊ အဓမ္မခိုင်းစေမှု ၂၂ မှု၊ ပြည့်တန်ဆာပြုခိုင်းစေမှု ၁၅ မှု၊ ကလေးမွေးစားမှုတစ်မှု၊ ကလေးရောင်းစားမှုတစ်မှု စုစုပေါင်း ၈၉ မှု ဖြစ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**



သြဂုတ်လ ၂၂ ရက်က ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စက်ရုံအား ဒေသခံ ထူးချွန်ကျောင်းသူလေးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

* ရှေ့ဖုံးမှ

လျှပ်စစ်ကို အသုံးပြုခြင်းဖြင့် မီးဖိုချောင် သူ့သက်တမ်းနှင့်တူစွာ မှိုင်းတက်နေသည့် မီးခိုးကျပ်ခိုးများကို ရှင်းထုတ်ပစ်ရဦးမည်။

"အရင်တုန်းကဆို စိတ်ထဲမှာ တအုံနွေးနွေးရှိခဲ့တယ်။ မူလတန်းကလေးတိုင်း လောပိတကိုသိတယ်။ လျှပ်စစ်ဓာတ်အားနဲ့ တစ်နိုင်ငံလုံးကိုမီးပေးတဲ့နေရာ။ သို့သော် စိတ်မကောင်းခဲ့ရတာက ကယားပြည်နယ်မှာ မီးမရပါဘူး။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်။ တစ်နေရာနဲ့တစ်နေရာ အလှမ်းဝေးတယ်။ ပြည်နယ်ဧရိယာ ကျဉ်းမြောင်းတယ်လေ။ အခုကျွန်မတို့ရွာ မီးရပြီ။ တံတားတွေလည်း ဆောက်ထားပေးတယ်ဆိုတော့ လွိုင်ကော်တက္ကသိုလ်မှာ သွားတက်နေတဲ့ သမီးပြန်လာရင် ရောင်စုံမီးလေးတွေနဲ့ ခရစ္စမတ်နေ့ လုပ်ဖြစ်မှာတော့ သေချာတယ်"ဟု မဲ့စဲ့မြို့သူ ဒေါ်ဂလဲရစ္စက ပြောကြားသည်။

ရိုးသားအေးဆေးပြီး ပွင့်လင်းစွာပြောဆိုတတ်ကြသည့် ကယားတို့ဌာနီငွေတောင်ပြည်မှ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားတတ်ကြပြီ။ ပြည်နယ်အတွင်း ယမ်းခိုးတို့ မငွေ့တော့သည်မှာ အထိုက်အလျောက်ရှိခဲ့ပြီ။ ရက်အနည်းငယ်က တီဗွီဖန်သားပြင်တွင် တိုင်းရင်းသားအဖွဲ့ ရှစ်ဖွဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ မိမိတို့ပြည်နယ်မှ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) လည်းပါဝင်မည်ဟု မျှော်လင့်ထားသော်လည်း လက်တွေ့တွင် မပါဝင်သေးသည့်အခါ အသက် ၇၀ အရွယ်ရှိ ဖထီးစောထဲထယ် သက်ပြင်းရှိုက်မိသည်။

သူမျှော်မှန်းသလိုပင် ပြည်နယ်အတွင်းက ညီအစ်ကိုမောင်နှမများအားလုံးလည်း ထာဝရငြိမ်းချမ်းရေးရရှိရန် လိုလားနေပြီး အေးချမ်းမှုသာ ဖွံ့ဖြိုးမှုအစီအစဉ်များ အကောင်အထည်ဖော်နိုင်မည်ဆိုခြင်းကို သူကောင်းစွာသိသည်။

"၂၀၁၂ ခုနှစ်ကတည်းက အစိုးရနဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက် ရယူခဲ့တာပါ။ တရားဥပဒေစိုးမိုးဖို့၊ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ငြိမ်းချမ်းဖို့ လိုအပ်တယ်။ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲတွေမှာ ကျွန်တော်တို့ဆီက အဖွဲ့တွေ ပူးပေါင်းလာဖို့ ပိုပြီးမျှော်လင့်တယ်" ဟု ဖထီးစောထဲထယ်က ပြောကြားသည်။ လက်တွေ့အားဖြင့်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် အစိုးရတို့အကြားမှ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်၏ရလဒ်များအဖြစ် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား၊ လမ်းတံတားနှင့် မိုဘိုင်းတယ်လီဖုန်းအသုံးပြုမှုအခြေအနေများအားလုံး မြင့်မားလာခဲ့ပြီဖြစ်သည်။

ကယားပြည်နယ်၏ လျှပ်စစ်ကဏ္ဍ မြင့်မားလာစေဖို့အတွက် သြဂုတ် ၂၃ ရက်က ဘီလူးချောင်းအမှတ် (၃) ရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး ၂၅ မဂ္ဂါဝပ် ထွက်ရှိသည့် ယင်းဓာတ်အားပေးစက်ရုံသည် ယခင်ရရှိထားသည့် လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းတို့သာမက ရှားတော၊ ရွာသစ်နှင့် မဲ့စဲ့မြို့အပါအဝင် ကျေးရွာပေါင်း ၂၅၄ ရွာကို တိုးချဲ့ကာ လျှပ်စစ်ဓာတ်အားများပေးဝေဖြန့်ဖြူးနိုင်ခဲ့ကြောင်း ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြောကြားခဲ့သည်။

"လျှပ်စစ်ဓာတ်အားကို သုံးစွဲလာနိုင်တာက ကျွန်တော်တို့ ကယားပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားတစ်ခုဖြစ်စေပါတယ်။ ဒေသစိုက်ပျိုးမွေးမြူရေးတွေနဲ့ တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလုပ်ငန်းတွေ စတင်ဖွံ့ဖြိုးလာဖို့ လမ်းစဖြစ်သလို လူနေမှုအဆင့်အတန်းနဲ့ အလုပ်အကိုင်ရရှိမှုကိုလည်း ကူညီပေးနိုင်ပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍတွေမှာ ကယားပြည်နယ်က အခြား တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့မခြား လုပ်ဆောင်နိုင်ဖို့ အင်အားတွေဖြစ်စေတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဘီလူးချောင်း အမှတ် (၃) ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲတွင် ပြောကြားသည်။

နိုင်ငံတော်က လာမည့်ဘဏ္ဍာနှစ်အတွင်း ကယားပြည်နယ်ရှိ အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အား လွှမ်းခြုံရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်က အိမ်ထောင်စု ၂ ဒသမ ၂၂ သန်းသာ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရှိသော်လည်း ယခုအချိန်တွင် အိမ်ထောင်စု ၃ ဒသမ ၃ သန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

"မထင်မှတ် ထားနိုင်လောက်အောင် စည်ပင်ဝပြောလာခဲ့တယ်။ ဖားဆောင်းတံတားဖြစ်လာမယ်လို့ တစ်ခါမှ မတွေးမိခဲ့ဖူး။ အသေးဆုံးနဲ့ ဖွံ့ဖြိုးမှုအားအနည်းဆုံး ပြည်နယ်လေးကို နိုင်ငံတော်က ပစ်မထားဘူးဆိုတာ ယုံကြည်လာတယ်။ အခုဆိုရင် ဘော်လခဲခရိုင်ထဲက ဖားဆောင်း-မယ်ဆည်နန်-မဲ့စဲ့-နန်းမန်းလမ်းတွေဟာ သံလွင်ချောင်းခြားဝေးကွာတဲ့ အဖြစ်ဆိုးတွေ ဖျောက်ဖျက်နိုင်ခဲ့ပြီ။ ကျွန်မတို့ မဲ့စဲ့ကနေ ပြည်မအထိ လွယ်လွယ်ကူကူ သွားနိုင်ပြီ"ဟု ဒေါ်ဂလဲရစ္စက ယနေ့အနေအထားကို ရှင်းပြသည်။

သံလွင်တံတား (ဖားဆောင်း)ကို ဇူလိုင် ၁၇ ရက်က ဖွင့်လှစ်ခဲ့ပြီး မဲ့စဲ့မှ ဖားဆောင်းသို့ လမ်းပန်းဆက်သွယ်မှု မြန်ဆန်လာခြင်းကြောင့် ရှမ်းပြည်နယ်သို့ လည်းကောင်း၊ လွိုင်ကော်မှ မော်ချီး၊ ဆက်လက်၍ တောင်ငူမြို့သို့လည်းကောင်း လွယ်ကူစွာသွားနိုင်ပြီး တစ်နိုင်ငံလုံးနှင့် လွယ်လင့်တကူ ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်သည်။

"သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသေးတဲ့၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့ အလားအလာရှိတဲ့ ဒေသတွေကို အပျိုစင်ဒေသလို့ နိုင်ငံတကာက သတ်မှတ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ ကယားပြည်နယ်ဟာ ငွေတောင် မင်းသမီးဒေသလို့ တင်စားချင်ပါတယ်။ အံ့မခန်းသဘာဝ လျှိုမြောင် တောတောင်စိမ့်စမ်းတွေဟာ ငွေတောင်ပြည်ကြီးမှာ ရှုမျှော်မဆုံး ကျယ်ပြောလှတာမို့ တစ်နိုင်ငံလုံးကို ထိန်ထိန်ညီးဖို့ လျှပ်စစ်မီးထုတ်လုပ်ပေးနိုင်တဲ့အပြင် နိုင်ငံရဲ့ မီးခိုးမထွက်တဲ့ ဝင်ငွေရရှိအောင်လည်းခရီးသွားလုပ်ငန်းကနေ စွမ်းဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါက နိုင်ငံအတွက် အကျိုးရှိသလို ဒေသခံတွေအတွက်လည်း လူမှုစီးပွားဘဝတွေအားလုံး Changing ဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် တည်ငြိမ်အေးချမ်းဖို့တော့ အဓိကလို အပ်ပါတယ်။ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးလုပ်ချင်တာဖြစ်ဖြစ်၊ ကျန်းမာရေးမြှင့်ချင်တာဖြစ်ဖြစ်၊ ပညာရေးမြှင့်ချင်တာဖြစ်ဖြစ် မတည်ငြိမ်ရင်တော့ ဘယ်သူမှ စွန့်စားမှာမဟုတ်သလို လမ်းတွေ ဘယ်လောက်ဖောက် ဖောက်၊ အခြေခံအဆောက်အအုံ ဘယ်လောက်ကောင်းကောင်း မတည်ငြိမ်ဘူးဆိုရင်တော့ စောင့်ကြည့်နေကြမှာပဲလို့ ထင်ပါတယ်။ ဒါကြောင့် ကယားပြည်နယ်မှာ ယမ်းခိုးငွေ့တွေ မရှိမှ ကယားတို့ဌာနေကြီးတိုးတက်မယ်"ဟု Treasure motion Travelling မှ ကိုဖြိုးဝေရာဇာက ၄င်းအယူအဆကို ပြောကြားသည်။

ကိုဖြိုးဝေရာဇာ စိုးရိမ်သကဲ့သို့ပင် နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် အယူဝါဒနှင့် ခံယူချက်များ ကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရာ ကယားပြည်နယ်လည်း ပါဝင်ခဲ့ဖူးသည်။ မြန်မာပြည်မြေပုံထဲတွင် အသေးငယ်ဆုံးသော ကယားပြည်နယ်ကလေးသည် မတည်ငြိမ်မှုများကြောင့် တိုးတက်မှုနှေးကွေးခဲ့ရသည်။

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလတာရှည်စွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုများ၏စိတ်ဝယ် နာကြည်းမှု၊ အားငယ်မှုနှင့် မယုံကြည်နိုင်မှုတို့ ရှိကောင်းရှိခဲ့မည်ဖြစ်သော်လည်း ယနေ့အချိန်တွင် တည်ငြိမ်အေးချမ်းမှုကြောင့် တိုးတက်ဖွံ့ဖြိုးခြင်း ရောင်နီဦးများ ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း နိုင်ငံရေးသုံးသပ်သူအချို့က ခန့်မှန်းသည်။

"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုပြီးတဲ့နောက်ပိုင်း ကျန်နေသေးတဲ့အဖွဲ့တွေ ပါဝင်နိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ ကျန်နေသေးတဲ့အဖွဲ့တွေအနေနဲ့ NCA ပါ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်လာတာနဲ့အမျှ အနေးနဲ့အမြန် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါလာကြမှာဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပြီး ပေါ်ပေါက်လာမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေက ရှေ့ကိုဆက်ဖို့ပဲရှိပါတယ်။ နောက်ပြန်လှည့်စရာ မရှိပါဘူး"ဟု နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို NCA လက်မှတ်ရေးထိုးပွဲတွင် ပြောကြားခဲ့ရာ ဖထီးစောထဲထယ်ကဲ့သို့ အေးချမ်းစွာ နေထိုင်လိုသူများကလည်း NCA တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ပါဝင်လက်မှတ်ထိုးနိုင်ဖို့အရေး မျှော်လင့်ယုံကြည်ဆဲပင်ဖြစ်သည်။

တီဗွီအစီအစဉ်များ ပြီးဆုံးသွားသည့်တိုင် ဒေါ်ဂလဲရစ္စ၏ စိတ်အစဉ်မှာ NCA လက်မှတ်ရေးထိုးပွဲ သတင်းမြင်ကွင်းများကို မြင်ယောင်နေဆဲ။ နိုင်ငံတော်သမ္မတအပါအဝင် တာဝန်ရှိသူများနှင့် တိုင်းရင်းသားအဖွဲ့အစည်းရှစ်ဖွဲ့မှ ခေါင်းဆောင်များ ပြုံးရွှင်သော မျက်နှာထားဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်စွာ နှုတ်ဆက်နေကြသည်မှာ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုများ သဖွယ်။

"ကိုယ့်သားသမီးတွေလက်ထက်မှာ တိုးတက်စေချင်တယ်။ ခေတ်မီစေချင်တယ်။ တိုက်တာခိုက်တာတွေ၊ မိုင်းထောင်တာ၊ ဗုံးခွဲတာတွေ မကြုံချင်တော့ဘူး။ ဘေးပယောဂတွေကြောင့် ငြိမ်းချမ်းရေးနှောင့်နှေးမှာမျိုးလည်း မဖြစ်စေချင်ဘူး။ ဘုရားသခင် ငွေတောင်ပြည်ကို ကောင်းချီးပေးပါ"ဟု တိတ်တဆိတ် ဆုတောင်းမိကြောင်းကို သတင်းအဖွဲ့က မေးမြန်းသည့်အခါ တောက်ပသော အပြုံးတစ်ပွင့်ဖြင့် ရင်ဖွင့်ပြောပြသည်။



နည်းပညာတက္ကသိုလ်(လွိုင်ကော်)ကို ဝေဟင်မှ တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် စီမံချက်ရေးဆွဲရေးဆိုင်ရာ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၈**

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာ စီမံချက်ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည်။ **(ယာပုံ)**

ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူရှေးဟောင်းမြို့များကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပြီးနောက် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရေရှည်တည်တံ့စေရေးကို ပိုမိုစနစ်တကျ ထိန်းသိမ်းစီမံဆောင်ရွက်နိုင်ခြင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးနှင့်အတူ ဒေသခံတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းပြီး လူမှုစီးပွားဘဝများ စနစ်တကျ တိုးတက်လာနိုင်စေခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးပြီး နိုင်ငံအတွက်လည်း ဝင်ငွေတိုးတက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူ ပညာရှင်များနှင့် ဒေသခံများက မိမိတို့၏သုံးသပ်ချက်အမြင်ကို ဆွေးနွေးကြရာ ပုဂံဒေသအတွင်းရှိ ဧရာဝတီမြစ်အပါအဝင် တောတောင်မြေယာရှုခင်းများကိုပါ ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ပုဂံဒေသအတွင်း ဌာနဆိုင်ရာအသီးသီးက ဆောင်ရွက်မည့် စီမံကိန်းများအတွက် ကြိုတင်ညှိနှိုင်းရန် လိုအပ်ကြောင်း၊ ဇုန်နယ်နိမိတ်ပြင်ပရှိ ဟိုတယ်ဇုန်လေးကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူနေအိမ်များ၊ ဟိုတယ် မိုတယ် တည်းခိုခန်းနှင့် စားသောက်ဆိုင်များ၏ ရေဆိုးထုတ်လွှတ်မှုစနစ်ကို စိစစ်ရန်လိုအပ်ကြောင်း၊ မီးပုံးပျံများကို ရှေးဟောင်းအဆောက်အအုံတည်ရှိရာ ဇုန်ပြင်ပမှသာ အတက်/ အဆင်းပြုလုပ်ရန်နှင့် ပျံသန်းရန်လိုအပ်ကြောင်းကို ညှိနှိုင်းသဘောတူကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

## သုံးနှစ်မှငါးနှစ်အရွယ်ကလေးများပြုစုပျိုးထောင်ရေးသင်တန်းဆင်း




**ရန်ကုန် အောက်တိုဘာ ၁၈**

မူလတန်းကြိုကျောင်းဖွင့်လှစ်လိုသူများ သင်ကြားဆရာ၊ ဆရာမများအတွက် ရည်ရွယ်ဖွင့်လှစ်ပေးသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၆ ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာနရုံးခန်းမ၌ ကျင်းပရာ ပင်မအထောက်အကူပြု ဗဟိုဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီဒါခါက "ကလေးများ ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် မူကြိုပညာရေးသည်အဓိကကျပါကြောင်း၊ မူကြိုပညာရေးစနစ် အဓိကရည်ရွယ်ချက်သည် လူတစ်ယောက်၏ ဘဝတစ်သက်လုံး ဖွံ့ဖြိုးနိုင်ရန် မွေးစမှအသက် ရှစ်နှစ်အရွယ် အတွင်း အခြေခံခိုင်မာဖို့ လိုအပ်ပါကြောင်း၊ ယင်းအတွက် ကလေးဘဝအစောပိုင်းကာလများတွင် အာဟာရပြည့်ဝစွာရရှိရေး ဖြည့်ဆည်းပေးခြင်းနှင့် ဦးနှောက်ဖွံ့ဖြိုးမှု အကောင်းဆုံးအရွယ်ဖြစ်၍ စနစ်တကျလေ့ကျင့်ဆောင်ရွက်ပေးဖို့လိုအပ်ပါကြောင်း၊ ကစားခြင်းဖြင့် သင်ယူခြင်းသည် မူကြိုအဆင့်တွင် အဓိကကျသော သင်ကြားနည်းတစ်ခု ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပညာရေးမြှင့်တင်မှု အစီအစဉ်များအရ မူကြိုပညာရေးကို အလေးထားဆောင်ရွက်နေပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် ယခုသင်တန်းဆင်းဆရာ၊ ဆရာမများက မိမိတို့၏ မူလတန်းကြိုကျောင်းများကို သတ်မှတ်စည်းကမ်း ဥပဒေများနှင့်အညီ ဖွင့်လှစ်ပြီး သင်တန်းမှ သင်ကြားပေးလိုက်သော ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာများကို အခြေခံ၍ ဆောင်ရွက်ကြပါရန် အလေးအနက်မှာကြားပါကြောင်း" ဖြင့် သင်တန်းဆင်း အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံတစ်ဝန်းတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား ၅၃ ဦးတက်ရောက်ပြီး သင်တန်းကာလ တစ်လကြာမြင့်ခဲ့သည်ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ မြေပြိုဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများပေးပို့ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်နေ့များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စုရှိ တောင်ပေါ်ရွာ၊ ၁၆ ကုန်းရွာ၊ ၁၃ ကုန်းရွာ၊ လိုခါးလိုရွာနှင့် ဇီးပင်ကွေ့ကျေးရွာတို့၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၆၀ ၊ အိမ်ထောင်စု ၉၈ စုတို့မှ လူဦးရေစုစုပေါင်း ၇၂၉ ဦး ဘေးဒုက္ခခံစားခဲ့ရပြီး လူ ၁၇ ဦးသေဆုံး၍ ခုနစ်ဦးပျောက်ဆုံးလျက်ရှိသည်။ အောက်တိုဘာ ၁၂ ရက်က အဆိုပါဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကယားပြည်နယ်ဦးစီးမှူးရုံးမှ တန်ဖိုးငွေကျပ် ၂၂၀၆၆၀၀ ရှိကယ်ဆယ်ရေးပစ္စည်းကိုးမျိုး အိမ်ထောင်စု ၁၀၀ စာ၊ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၆၁၉၅၀၀၊ သေဆုံး၊ ပျောက်ဆုံးသူများအတွက် ထောက်ပံ့ငွေကျပ် ၂၂၀၀၀၀၀ စုစုပေါင်း ပစ္စည်းနှင့် တန်ဖိုးငွေကျပ် ၅၀၂၆၁၀၀ ကို ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

ထပ်မံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အဆိုပါထောက်ပံ့မှုများအပြင် ဆန်အိတ် ၅၀၀၊ ဆန်ငါးပြည်ဝင်အိတ် ၂၀၀၊ အဝတ်ဟောင်းကီလို ၂၂၀ နှစ်ထုပ်၊ စားသောက်ကုန် ရှစ်ထုပ်၊ ခေါက်ဆွဲခြောက် ၁၀၀၊ ကာတွန်းနှင့် Family Kits အထုပ် ၃၂၀ တို့ကို အောက်တိုဘာ ၁၄ ရက်က ရန်ကုန်မြို့မှ ကယားပြည်နယ်သို့ ၁၂ ဘီးဝန်တင်ယာဉ်နှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာ ၁၆ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိခဲ့ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ထံသို့ ထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါထောက်ပံ့ရေးပစ္စည်းများကို ကယားပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက်ထောက်ပံ့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကယားပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၈**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ နေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ပြီး အမျိုးသား ၁၀ ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၇ ဦး သေဆုံး၍ အမျိုးသားသုံးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်းခုနစ်ဦးပျောက်ဆုံးခဲ့ကာ အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦးမှာ သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသဖြင့် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပေးခဲ့ရသည်။

ထို့ပြင် မော်ချီးတောင်ပေါ် ကျေးရွာများမှာ နေထိုင်ရန်အန္တရာယ်ရှိသဖြင့် ထပ်မံရွှေ့ပြောင်းလာသော ဒေသခံပြည်သူ ၁၁၈၆ ဦးအား ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် ကယားပြည်နယ် မီးသတ်ဦးစီးမှူး ဦးစီးသည့် ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ(၁)ခွဲမှ တပ်ဖွဲ့ဝင်များသည် မော်ချီးအောက်ရွာနှင့် တောင်ပေါ်ကျေးရွာ ဆက်သွယ်သည့်လမ်းအား ယာယီလမ်းအဖြစ်ဖောက်လုပ်ပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



◆ *ကျော်ဖုံးမှ*

ယနေ့ပြုလုပ်သည့် မိုမို၏မွေးနေ့ပွဲတွင် ဆင်မကြီး မိုမိုကိုယ်တိုင် ငှက်သက်စေ့လှတ်ခြင်း၊ အဖော်ဆင်များ နှင့်အတူ မွေးနေ့ကိတ်ပုံစံဖော်ထားသော သစ်သီးအတူ စားခြင်းများ ပြုလုပ်ခဲ့ပြီး ပရိသတ်များကို မိုမိုက ပုသိမ် ထီးအက အပါအဝင် ဆင်အကများဖြင့် ဖျော်ဖြေခဲ့သည်။

ဆင်မကြီးမိုမိုသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ရှိ ကပြဖျော်ဖြေပွဲများသာမက တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ သို့ ဗုဒ္ဓစွယ်တော်ပင့်ဆောင်ပူဇော်ပွဲတွင်လည်း ပါဝင်ခဲ့ဖူး ကြောင်း သိရသည်။

နှစ်ပေါင်း ၆၀ ကျော်အထိ ဖျော်ဖြေရေးတာဝန် ထမ်းဆောင်နေဆဲ ဆင်မကြီးမိုမို၏ ယခုလက်ရှိ ဆင်ထိန်း ကြီး ဦးမောင်မောင်ကို မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ဦးလေးအနေနဲ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို စတင် ရောက်ရှိခဲ့ပုံလေးနဲ့ မိုမိုကြီးကို ထိန်းဖြစ်ပုံလေး သိချင်ပါတယ်။**

ဖြေ ။ ကျွန်တော့်အဖေက အရင်တုန်းက ဆင်ဖမ်းတဲ့ ဆင်ဆရာ။ နောက်တော့ ကျွန်တော်တို့ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်ကို ပြောင်းလာကြတယ်။ ကျွန်တော်တို့ တိရစ္ဆာန်ရုံကို ပြောင်းလာတဲ့အခါမှာ မိုမိုကရောက်နှင့် နေပြီ။ ကျွန်တော့်အဖေက မိုမိုကို ကျန်းမာရေးစောင့် ရှောက်ပေးတယ်။ နောက်ဖျော်ဖြေရေး ဆင်တွေ တတ်အပ် တဲ့ ဆပ်ကပ်အပါအဝင် ဆင်ပညာတွေ ဆက်သင်ပေး တယ်။ ကျွန်တော့်အဖေရဲ့ အရှေ့က ဆင်ဆရာတွေက လည်း မိုမိုကို ပညာတွေ သင်ပေးခဲ့ပါတယ်။ "မမပုသိမ်သူ" လမ်းလျှောက်တဲ့ပုံစံနဲ့ ဆင်အကတွေ၊ ပန်းစည်း ကမ်းနည်း တွေကိုတော့ ကျွန်တော့်လက်ထက်မှာ သင်ပေးခဲ့ပါတယ်။

**မေး ။ မိုမိုကြီးကို ဦးလေး ထိန်းလာတာ နှစ်ပေါင်း ဘယ်လောက်ရှိပြီလဲ။ နောက်သူ့မွေးနေ့ကို လုပ်ဖြစ်တာလေးနဲ့ သူ့မွေးနေ့မှာ ဘယ်လိုစီစဉ်ပေးခဲ့တယ် ဆိုတာ ပြောပေးပါလား။**

ဖြေ ။ ကျွန်တော် မိုမိုကို ထိန်းခဲ့တာကတော့ ၂၅ နှစ်ရှိပြီ။ အရင်ကတော့ သူ့မွေးနေ့ မလုပ်ပေးပါဘူး။ သူ့ အသက် ၆၀ ပြည့်ကတည်းက မွေးနေ့လုပ်ပေးလာတာ ဒီနှစ်နဲ့ဆို သုံးကြိမ်ရှိပါပြီ။ မိုမိုက ဆင်တွေအားလုံးထဲမှာ အသက်အကြီးဆုံးပဲ။ သူနဲ့တွဲခဲ့တဲ့ အဖော်ဆင်တွေကတော့ မရှိကြတော့ဘူး။ ဒီနေ့ မွေးနေ့မှာ မိုမိုကို တစ်စည်းကို ၁၀ ချောင်းပါတဲ့ ကြံအစည်း ၁၀၀)ကျော်သုံးပြီး မြက် အစည်း ၂၀၀ လောက်နဲ့ ငှက်ပျောသီးအဖီး ၁၀၀ ကျော်ပါ တဲ့အဆင့်လေးဆင့်ပါတဲ့ မွေးနေ့ကိတ်ပုံစံမျိုး ပုံဖော်ပေး တယ်။ ပြီးတော့ ဖရဲသီးတွေ၊ ပန်းသီးတွေ၊ ပြောင်းဖူးတွေနဲ့ အလှဆင် ထည့်ပေးတာပေါ့။ သူ့အသက်စေ့ စာကလေး ၆၂ ကောင်ကိုလည်း သူကိုယ်တိုင်လွှတ်ခိုင်းရတာပေါ့။

ဒီနေ့က တနင်္ဂနွေနေ့လည်းဖြစ်၊ မိုမိုမွေးနေ့လည်း ရှိတော့ လူတွေ အများကြီးလာကြတယ်။ ကလေးတွေ ကတော့ မိုမိုကြီးကို အတော်ချစ်ကြတယ်။ အရင်နှစ်တွေနဲ့ မတူတာက ပထမဆုံးသူ့မွေးနေ့ လုပ်ပေးတုန်းက ကိတ် ပုံစံကြံတွေကို နှစ်ထပ်ပဲလုပ်တယ်။ နောက်ဒုတိယ အကြိမ်မွေးနေ့မှာ ကြံတွေကို သုံးထပ်ပုံဖော်ပေးတယ်။ ဒီနှစ် တတိယအကြိမ်မှာတော့ မွေးနေ့ကိတ်ပုံစံ ကြံတွေကို အထပ်လေးထပ် ပုံဖော်ပေးခဲ့ပါတယ်။

**မေး ။ ဆင်တွေကို ထိန်းကျောင်းတဲ့နေရာမှာ ဘယ်လို အခက်အခဲရှိလဲ။ ဒီဥယျာဉ်ထဲမှာဆင် ဘယ်လောက်ကို ဦးလေးတို့ ထိန်းကျောင်းပေးနေတယ် ဆိုတာလေး ဖြေပေးပါလား။**

ဖြေ ။ ကျွန်တော် ချာတိတ်ဘဝကတည်းက ဆင်တွေနဲ့ အတူနေလာခဲ့တာ။ ၁၉၈၃ ခုနှစ်မှာ ကျွန်တော် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ အလုပ်စဝင်တယ်။ ၁၉၈၅ ခုနှစ်မှာ ကျွန်တော် တိရစ္ဆာန်ထိန်းအဖွဲ့ကို ရောက်တယ်။ ကျွန်တော် ၁၉၈၉ ခုနှစ်မှာတော့ ဆင်ရုံကိုရောက်ပြီး မိုမိုကိုထိန်းခဲ့တာ ဒီနေ့အထိပါပဲ။ မိုမိုက သူ့ဆင်ထိန်းကိုဆို ဘာမှမလုပ်ဘူး။ ရန်မလိုဘူး။ ဆင်တွေမှာက သူ့အထာ တွေရှိတယ်။ ကိုင်တွယ်တဲ့နေရာမှာ နည်းနည်းလေးမှား လို့ မရဘူး။ ဆင်မတွေက ထိန်းရလွယ်တယ်။ မိုမိုက ဆင်မဆိုတော့ ထိန်းသိမ်းရတာ ကောင်းတယ်။ စိတ်မဆိုး ဘူး။ သူက ဒီကို ငယ်ငယ်ကတည်းက ဒီမှာရောက်နေတာ ဆိုတော့ သင်ကြားရတာ လွယ်တယ်။

လက်ရှိ တိရစ္ဆာန်ဥယျာဉ်မှာ ဆင်က ကိုးကောင် ရှိတယ်။ ဆင်ထီးသုံးကောင်ရှိတယ်။ နှစ်ကောင်က ဆင်ငယ် လေးတွေ၊ အသက် ၁၆ နှစ်ကျော်အရွယ် စွယ်စုံဆင် တစ်ကောင်ရှိတယ်။ နာမည်က ဝင်းသန်းထွန်းပါ။ ဒီမှာ ရှိတဲ့ ဆင်တွေက မျိုးမျိုး၊ မိုသော်ပြည့်၊ မချောလေး၊ မေသဲ ဖြူ၊ ဇာမဏီမောင်နဲ့ ရေအေးထွန်းတို့ပါ။ ဆင်မလေး မေသဲဖြူက အကုန်တတ်တယ်။ ပိုက်ဆံပေးတတ်တယ်။ ဘောလုံးကောက်တယ်။ ဘောလုံးတွေလည်း ဖောက်ပြ တတ်တယ်။ မိုမိုကို တစ်ကွက်နှစ်ကွက်ပဲ သင်ကြား ပေးပေမယ့် ဒီမှာရှိနေတဲ့ ကျန်ဆင်တွေကတော့ ဖျော်ဖြေ ရေး ပညာတွေကို ကျွန်တော်တို့ပဲ သင်ခဲ့တာပါ။

**မေး ။ မိုမိုကြီးမှာ ဘယ်လို ထူးခြားတဲ့အချက်တွေရှိလဲ ဆိုတာနဲ့ ဆင်တွေကို ဘယ်လိုထိန်းသိမ်းစောင့် ရှောက်တယ်ဆိုတာလေး ပြောပြပေးပါဦး။**

ဖြေ ။ သူ့ရှေ့ကို ကျွန်တော်ရောက်သွားလို့ မိုမိုရေဆို သူက ထူးတယ်။ ခေါင်းညိတ်ပြတယ်။ ညဘက် တွေ အသံမပေးဖြစ်ဘဲ သူ့နားသွားရင် သူကလှမ်းခေါ်တတ် တယ်။ "ရှင်. . ကျဉ်" ဆိုပြီးတော့ပါ။ ဒါဆို အစာတို့ ဘာတို့ သူတစ်ခုခုလိုနေပြီ။ မိုမိုက စိတ်ဆိုးခဲတယ်။ သူပေကပ်ကပ်လုပ်ရင်တောင် နင်နော်ဆိုပြီး ကျွန်တော့် အသံနဲ့မာန်လိုက်ရင်၊ တုတ်ပြပြီး ဆူလိုက်ရင် နှာမောင်းနဲ့ "ဖုန်း. . ဖုန်း" ဆိုပြီး သမံတလင်းကို ရိုက်ပြတတ်တယ်။

ဆင်ကလေးတွေ ဒီကို စရောက်လာရင် ဥယျာဉ် ထဲမှာ ကျွေးတဲ့ အစာနဲ့ သူတို့ဒေသ တောထဲမှာ စားခဲ့တဲ့ အစာတွေကို မျှတအောင် အရင်စီစဉ်ပေးရတယ်။ နောက်မှ တဖြည်းဖြည်း ဥယျာဉ်ထဲကအစာကို စားတတ် လာအောင် အလေ့အကျင့်လုပ်ပေးရတယ်။ ကျန်းမာရေး လည်း ဂရုစိုက်ရတယ်။ ဆင်ကိုးကောင်လုံးရဲ့ ကျန်းမာရေး ကို မနက်တိုင်းစစ်ဆေးပြီး ဆင်တွေအတူ လမ်းလျှောက် ပေးတယ်။ ဆင်တွေကို သူ့အတွဲနဲ့သူ ရေချပေးတယ်။ သူတို့ကိုယ်တွေ ညစ်ညစ်ပတ်ပတ် ဖြစ်နေရင်တော့ ကော်ဘရုတ်နဲ့တိုက်ပေးပြီး ရေထပ်ချိုးပေးတယ်။ လက်သည်းတွေ ညစ်ပတ်နေရင်လည်းခေါ်ပြီး လက်သည်း တွေ တိုက်ချွတ်ပေးရတယ်။ ခြေသည်းတွေ ဆူးတယ်၊ ရှည်လာတယ်ဆိုရင်တော့ ဓားနဲ့ လှီးပေးရတယ်။

ဒီနေ့ မိုမိုကြီး မွေးနေ့မှာ ကျွေးခဲ့တဲ့ ဖရဲသီးတွေ၊ ပန်းသီးတွေလိုမျိုးဆိုရင် အလွန်အကျွံကျွေးလို့ မရဘူး။ ဒီအစာတွေကို အဝကျွေးမိရင် သူတို့အတွက် ဘေးဥပဒ် ရှိတယ်။

"ကျွန်တော်ပြောချင်တာကတော့ တိရစ္ဆာန်လေး တွေကို ချစ်ပါ။ ကျွေးပါ။ မစပါနဲ့" ဆိုတာပါပဲ။






မိုမို၏(၆၂)နှစ်မြောက်မွေးနေ့ပွဲတွင် လာရောက်ကြသည့် ဧည့်ပရိသတ်များနှင့် မိုမိုကို တွေ့ရစဉ်။

# တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

**ပုသိမ်ကြီး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တိုင်းရင်း ဆေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဦး၊ အတွင်းရေးမှူး ဦး သစ်လွင်နှင့်အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် တောင်တံတိုင်းရှည်ကျေးရွာအမှတ်(၅) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီ ကတိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသပေး ကြသည်။ အဆိုပါကွင်းဆင်းကုသရာတွင် ကျေးရွာပြည်သူ ၁၀၄ ဦးအား သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်အစရှိသည့် ရောဂါ များကို အခမဲ့စမ်းသပ်ကုသပေးကြကြောင်း သိရ သည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးလက်ထောက် ဦးစီးမှူး ဒေါ်အေးအေးခိုင်၊ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ခင်ချောရှိန်နှင့်အဖွဲ့သည် အမှတ်(၅)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် အခမဲ့စမ်းသပ်ကုသပေးကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

❐ *ကျော်ဖုံးမှ*

"မြန်မာ့ကြယ်ငါးပွင့် သင်္ဘော လုပ်ငန်းအနေနဲ့ နောက်ထပ် သင်္ဘော တွေ ဝယ်ယူဖြည့်ဆည်းတဲ့အခါ ရေနံတင်သင်္ဘောတွေဝယ်ယူဖို့ အစီ အစဉ်ရှိပါတယ်။ အနာဂတ်ကာလ မှာ ရေနံတင်ပို့တဲ့ သင်္ဘောတွေကို ဦးစားပေးဝယ်ယူဖို့ရှိတာက ရေနံတင် ပို့တဲ့သင်္ဘောနည်းပါးနေလို့ပါ။ အရင် ကရှိတဲ့ ရေနံတင်သင်္ဘောတွေကလည်း ရေနံဓာတုလုပ်ငန်းကို လွှဲပြောင်းပေး လိုက်တာတွေရှိတယ်"ဟု မြန်မာ့ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ လက်ထောက် အထွေထွေ မန်နေဂျာ ဦးမောင်မောင်စိုးက ပြောသည်။

နိုင်ငံတကာတွင် သင်္ဘောကုမ္ပဏီ အများစုက ကုန်တင်သင်္ဘောများ ကိုသာ ဝယ်ယူပြေးဆွဲနေကြခြင်းဖြစ်ပြီး ရေနံတင်သင်္ဘောများ ဝယ်ယူပြေးဆွဲ မှု အားနည်းလျက်ရှိသည်။ အမေရိ ကန်၊ တရုတ်၊ ဂျပန်စသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံအများ အပြားတွင်လည်း ရေနံတင်သင်္ဘော ထက် ကုန်တင်သင်္ဘောအရေအတွက် သာ ပိုမိုများပြားလျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့် သင်္ဘော လုပ်ငန်းတွင် လောလောဆယ်၌ ခရီး သည်တင်နှင့် ကုန်တင်သင်္ဘောများ ပြေးဆွဲနေမှုတွင် ကုန်တင်သင်္ဘော ၁၇ စင်းနှင့် ခရီးသည်တင် သင်္ဘော နှစ်စင်းရှိနေသည်။ ယင်းသင်္ဘော များကို ချင်းတွင်း၊ ချင်းရွှေဟော်၊ ထားဝယ်၊ ဟားခါး၊ ဟန်လင်း၊ ကျိုင်းတုံ၊ ကျောက်ဖြူ၊ လားရှိုး၊ မကွေး၊ သံလွင် စသည့် အမည်များ ပေးထားသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောများ ပြေးဆွဲမှုကို ၁၉၅၉ ခုနှစ်မှ စတင် ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကမ်းရိုးတန်း တစ်လျှောက်နှင့် ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့၊ တင်သွင်းခြင်း လုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုအဖြစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ့ကြယ်ငါးပွင့် သင်္ဘော လုပ်ငန်းသည် ပြီးခဲ့သည့်လကလည်း ဥသာအမည်ရှိ သင်္ဘောတစ်စင်းကို ဝယ်ယူခဲ့ပြီး ကုန်သွယ်ရေကြောင်း ပြေးဆွဲမှုကို အားဖြည့်ခဲ့သည်။ မြန်မာ့ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း အနေဖြင့် အနာဂတ်ကာလတွင် ရေနံတင်ပို့နိုင်သည့် သင်္ဘောများကို ဝယ်ယူဖြည့်ဆည်းသွားရန် အစီအစဉ် များရှိနေကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

▼ *ကျော်ဖုံးမှ*

ကစားသမားအစုံအလင်ဖြင့် ပွဲထွက် ခဲ့သည်။ ရောဝတီအသင်းမှာ ပွဲထွက် လူစာရင်းကို အနည်းငယ် အပြောင်း အလဲပြုလုပ်ခဲ့ပြီး ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစား နိုင်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ တိုက်စစ်ရောက်လျှင် အမှားများနေ ၍ အခွင့်အရေးသိပ်မရခဲ့ဘဲ ၄၂မိနစ် မှ ဦးဆောင်ဂိုးရခဲ့သည်။ ယင်းဂိုးကို တိုက်စစ်မှူး ပိုလန်က သွင်းယူခဲ့သော် လည်း ပထမပိုင်းပြီးခါနီးတွင် ဝက်တ် က ရောဝတီအတွက် ချေပဂိုးပြန်သွင်း ခဲ့သည်။

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်း အနိုင်ဂိုးရရှိရန် တိုက်စစ်အား ပိုမြှင့် လာခဲ့သည်။ ရောဝတီအသင်းမှာ ဂိုး မပေးရရေး အဓိကထားကစားခဲ့သော ကြောင့် ကမ္ဘောဇအသင်း အခွင့် အရေးပိုရခဲ့သည်။ သို့သော် ကမ္ဘောဇ တိုက်စစ်မှူးများ အဆုံးသတ်အားနည်း ခြင်း၊ ရောဝတီဂိုးသမား ကာကွယ်နိုင် ခြင်းတို့ကြောင့် ပထမပိုင်းရလဒ် အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် ကမ္ဘောဇပရိသတ်များက ချီးမြှင့်သည့် အကောင်းဆုံးဆုကို ရောဝတီဂိုးသမား ချမ်းငြိမ်းကျော်က ရရှိခဲ့ပြီး KBZ Group မန်နေဂျင်း ဒါရိုက်တာ ဦးမိုးဆန်းအောင်က ချီးမြှင့်သည်။

အခြားပွဲစဉ်များတွင် အောင် ဆန်းကွင်း၌ ဟံသာဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက် အသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၂၀) အပြီးတွင် ရန်ကုန်အသင်း က အမှတ် ၅၀ ဖြင့် ပွဲမကုန်မီ ချန်ပီယံ ဖြစ်ခဲ့ပြီး ရတနာပုံအသင်းက ၁၉ပွဲ ကစား ၃၉ မှတ်၊ မကွေးအသင်းက ၁၉ ပွဲကစား ၃၅ မှတ်၊ ရောဝတီ အသင်းက ၁၉ ပွဲကစား ၃၄ မှတ်၊ ကမ္ဘောဇအသင်းက ပွဲ ၂၀ ကစား ၃၂ မှတ်၊ ဇွဲကပင် အသင်းက ပွဲ ၂၀ ကစား ၂၃ မှတ်၊ ချင်းယူနိုက်တက် အသင်းက ပွဲ ၂၀ ကစား ၂၁ မှတ်၊ ဟံသာဝတီအသင်းက ပွဲ ၂၀ ကစား ၂၁ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၉ ပွဲကစား အမှတ် ၂၀၊ ရခိုင်အသင်း က ပွဲ ၂၀ ကစား ၁၈ မှတ်၊ နေပြည် တော်အသင်းက ပွဲ ၂၀ ကစား ၁၇ မှတ်၊ မနောမြေအသင်းက ပွဲ ၂၀ ကစား ၁၆ မှတ်တို့ ရရှိထားသည်။



# မသန်စွမ်းသုံးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း တိုင်းဒေသကြီးရုံး ခြောက်နှစ်ပြည့် အခမ်းအနားနှင့် မသန်စွမ်းသုံး အထောက်အကူပြု ပစ္စည်းများ၊ ပညာသင် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်က အသင်းဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ မသန်စွမ်းကလေးငယ်များအတွက် ပညာသင်စရိတ်နှင့် မသန်စွမ်းသုံး အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။




ရေဘေးသင့်မသန်စွမ်းသူများအား အလှူငွေများကို တိုင်းဒေသကြီး အတွင်းရေးမှူး ဦးအေးကျော်နှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များက ပေးအပ်ခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းသို့ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**မြင့်ဟန်(ပြန်/ဆက်)**

# ညောင်တုန်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြော

**ညောင်တုန်း အောက်တိုဘာ ၁၈**

ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိနှင့် ကျန်းမာရေးဗဟုသုတများရရှိစေရေးအတွက် အောက်တိုဘာ ၁၇ ရက်က ညောင်တုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသား ၁၅ ဦးပါဝင်သော အဖွဲ့သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်ဦး ဦးဆောင်ကာ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေကျန်းမာရေးသိကောင်းစရာများ၊ ကလေးများတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးအကြောင်းအရာများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးသိကောင်းစရာများ၊ ခုခံအားကျဆင်းမှုရောဂါ (AIDS) ရောဂါအကြောင်းသိကောင်းစရာများနှင့် ကူးစက်ရောဂါအကြောင်းအရာများ၊ ပတ်ဝန်းကျင်ရှိ ပလတ်စတစ်ဆိုးကျိုးများနှင့် သိကောင်းစရာအကြောင်းအရာများ၊ ကျန်းမာရေးအသိရှိရန်နှင့် သန့်ရှင်းသောမုန့်၊ အာဟာရဖြစ်စေသော မုန့်များစားသုံးကြရန်ကျောင်းသား ကျောင်းသူများနှင့်ဆရာမ ၇၀၀ ခန့်အား ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါမန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသားများအဖွဲ့သည် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများအထိ ကွင်းဆင်းကာ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ပဲခူးမြို့တွင် NCA စာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၈ ရက်က ကရင်တိုင်းရင်းသားရေးရာ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက ကြီးမှူးကျင်းပသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကရင်တိုင်းရင်းသားများ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အနာဂတ်နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်းကို တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလုပ်သားပြည်သူအပေါင်းက တစ်ခဲနက်သောင်းသောင်းဖြဖြထောက်ခံကြသည့်နေ့ဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးသည် မြန်မာပြည်သူတို့၏ လိုလားတောင့်တဆုံးအရာ၊ အလိုချင်ဆုံးဆန္ဒနှင့် မျှော်လင့်ချက်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ် အမှုဆောင်ကော်မတီ (KNU )မှ ပဒိုမန်းငြိမ်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း ထောက်ခံသည့် အဆိုတင်သွင်းပြီးနောက် သဘာပတိက တက်ရောက်လာသူများ ထောက်ခံသဘောတူညီခြင်းကို ရယူတောင်းခံခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ အထူးရဲများ ခန့်အပ်တာဝန်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့အထူးရဲများအား ခန့်အပ်တာဝန်ပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးချုပ် ဝင်းနိုင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ထွဋ်နှင့် အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အထူးရဲတပ်ဖွဲ့ဝင်များတက်ရောက်ကြပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားကာ တပ်ဖွဲ့ဝင်များအား လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**


## နိုင်ငံတော်သမ္မတဦးသိန်းစိန် အမှူးပြုသော
## နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှခေါင်းဆောင်များ
## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများမှ **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်** (NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာပြည်အနာဂတ်အတွက် ဒီမိုကရေစီစနစ်ကို ဦးတည်ဆောင်ရွက်နိုင်ရန် အားလုံးလက်ခံသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အုတ်မြစ်ချနိုင်ခဲ့ခြင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသားများ၏ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း(၅)ခုနှင့် ခရိုင်(၁၃)ခရိုင်ရှိ တိုင်းရင်းသားပြည်သူလူထုများမှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှဲစွာ မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည် ဆက်လက်ပူးပေါင်းပါဝင်နိုင်ပါစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ယုံကြည်မျှော်လင့်ကြိုဆိုလျက်ရှိပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

# တာမွေလမ်းဆုံ ခုံးကျော်တံတား သတ်မှတ်ကာလအတွင်းပြီးစီးရန် အကောင်အထည်ဖော်တည်ဆောက်မည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ယာဉ်ကြောကျပ်တည်းမှု အထိုက်အလျောက် ဖြေလျှော့နိုင်ရေးတို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း အဓိက ယာဉ်ကြောကျပ်တည်းသည့် လမ်းဆုံလမ်းခွနေရာများ၌ ခုံးကျော်တံတားများ တည်ဆောက်ပေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းတို့အနက် တာမွေလမ်းငါးခွဆုံ၌ တည်ဆောက်မည့် ခုံးကျော်တံတားသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ခုံးကျော်တံတားတည်ဆောက်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် မလွတ်ကင်းသော မြေပေါ်မြေအောက်လျှပ်စစ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ရေသွယ်ပိုက်လိုင်း အစရှိသည်တို့ကို ပြောင်းရွှေ့ဖယ်ရှားခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အင်္ဂလိပ် လက်ထက်ကတည်းက တည်ရှိနေသည့် မြေအောက်ရေပိုက်လိုင်းအချို့၏ တည်နေရာနှင့် သွယ်တန်းထားမှုအနေအထားများကို တိကျမှန်ကန်စွာသိရှိရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

"ဦးချစ်မောင်လမ်းနဲ့ ဗညားဒလလမ်း တံတားအုကြောင်း တစ်လျှောက်မှာ ၄၂ လက်မနဲ့ ၃၀ လက်မအရွယ်ရှိတဲ့ မြေအောက်ရေပိုက်လိုင်းတွေရှိနေတယ်။ မြေအောက် ရေပိုက်လိုင်းတွေရဲ့ တည်နေရာ၊ အနက်နဲ့ အကွာအဝေးတွေ မတူညီတာကြောင့် တံတားတိုင်တစ်တိုင်ချင်းစီအတွက် Bored Pile Position နဲ့ Pile Cap ပုံသဏ္ဌာန်ကို ဟန်ချက်ညီညီ ဖြစ်စေဖို့အတွက် ပုံစံ အမျိုးမျိုးနဲ့ မူလခန့်မှန်းထားတာထက် ပိုမိုအချိန်ယူ တွက်ချက်ရေးဆွဲမှုပြုရပါတယ်။ ပုံမှန်တံတားတစ်စင်းဆိုရင် အခြေခံအားဖြင့် တံတားတိုင် ၂၃ တိုင်ရှိမှာဖြစ်ပြီး ပုံစံတူ၊ တစ်ပြိုင်တည်း ဒီဇိုင်းတွက်ချက်ရေးဆွဲလို့ရပေမယ့် ဒီတံတားမှာတော့ ရေပိုက်တွေရှိနေတာကြောင့် တိုင်တစ်တိုင်ချင်းစီ သီးခြားဒီဇိုင်းရေးဆွဲ တွက်ချက်ပြီးမှ လုပ်ငန်းဆောင်ရွက်ရတာဖြစ်ပါတယ်" ဟု တံတားတည်ဆောက်ရေး စီမံကိန်းအင်ဂျင်နီယာ ဦးစိန်ဝင်းက ပြောကြားသည်။

တံတားကြံ့ခိုင်မှုအပိုင်းအတွက် Pile Cap အောက် ကျရောက်နေသော မြေအောက်ရေပိုက်လိုင်းများ တာရှည်ခိုင်မြဲရန်လိုအပ်သဖြင့် (Pile Strengthing ) လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းများပြီးစီးမှသာ တံတားတည်ဆောက်ရေး Pile Cap လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုတည်ဆောက်မည့် တာမွေလမ်းဆုံ ခုံးကျော်တံတားမှာ 'Y' ပုံသဏ္ဌာန် သံကူကွန်ကရစ်ကြမ်းခင်းနှင့် သံမဏိသံပေါင် ရက်မတံတားအမျိုးအစားဖြစ်သည်။ ဗညားဒလလမ်းမှ ဦးချစ်မောင်လမ်းသို့ အရှည် ၂၈၇၅ပေ၊ အကျယ် ၄၃ ပေရှိသည့် နှစ်လမ်းမောင်း၊ လေးလမ်းသွားနှင့် 'Y' ပုံသဏ္ဌာန်ရှိ လမ်းဆုံအစမှ အရှေ့မြင်းပြိုင်ကွင်းလမ်းသို့ အရှည် ၁၉၇၁ ပေ၊ အကျယ် ၂၃ ပေရှိသည့် နှစ်လမ်းမောင်း တစ်လမ်းသွားပုံစံဖြင့် တည်ဆောက်မည်ဖြစ်သည်။ တံတားအောက်ကင်းလွတ်အမြင့်မှာ ၁၆ ပေရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ ၇၅ တန် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တာမွေလမ်းဆုံ ခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တင်ဒါခေါ်ယူခဲ့ရာ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က တံတားတည်ဆောက်မှုကုန်ကျစရိတ် မြန်မာငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံဖြင့် လုပ်ငန်းဆောင်ရွက်ရန် ၂၀၁၅ ခုနှစ် ဩဂုတ်တွင် အတည်ပြုရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

**ရီရီသန့်**

# မိုးဦးကာလစိုက်ပျိုးသော မိုးစပါးများ အထွက်ကောင်းလျက်ရှိ

**လှိုင်ကော် အောက်တိုဘာ ၁၈**

ဇွန်လပထမပတ်တွင် စတင်စိုက်ပျိုးခဲ့သော မိုးဦးကာလမိုးစပါးများ မိုးကျရာသီနှင့်ကိုက်ညီစွာ စိုက်ပျိုးနိုင်သည့်အတွက် တောင်သူဦးကြီးများ မိုးစပါးအထွက်ကောင်းမွန်လျက်ရှိကြောင်းကို လှိုင်ကော်မြို့ ထေးငှါးလျားကျေးရွာတောင်သူတစ်ဦးထံမှ သိရှိရသည်။

နွေရာသီ (၃) လပိုင်းမှာ စိုက်ပျိုးခဲ့ကြတဲ့ တောင်သူဦးကြီးများဟာ မေလကုန်တွင် နွေစပါးများ ပထမတစ်ကြိမ်အဖြစ် စိုက်ပျိုးနိုင်ခဲ့ပြီး ဇွန်လမှာထပ်မံစိုက်ပျိုးနိုင်ပါက နှစ်သီးစားစပါးကို ထပ်မံရရှိခဲ့ပါတယ်။ မိုးရာသီနှင့် အချိန်ကိုက်မစိုက်နိုင်ခဲ့သော တောင်သူဦးကြီးများအနေနဲ့ နွေစပါးသီးနှံတစ်ကြိမ်သာ စိုက်ပျိုးနိုင်ခဲ့သလို တချို့တောင်သူဦးကြီးများမှာ မိုးလယ်လောက်မှ စိုက်နိုင်ခဲ့ကြကာ စပါးများအထွက် နောက်ကျတာမျိုးလည်းရှိခဲ့ကြောင်း တောင်သူဦးကြီးများရဲ့ ပြောကြားချက်အရ သိရှိခဲ့ရသည်။

စပါးအထွက်နှုန်းကောင်းမှု၊ မကောင်းမှုကို ပဓာနမထားပဲ အစဉ်အလာတစ်ခုလို စပါးစိုက်ပျိုးလာခဲ့ကြသော တောင်သူဦးကြီးများဟာ အသိပညာတိုးတက်လာတာနှင့်အမျှ နည်းလမ်းကောင်းများကို အသုံးချလာခဲ့ပြီး လက်မှုပညာအစား စက်မှုပညာ စက်ယန္တရားများပြောင်းလဲအသုံးပြု စိုက်ပျိုးလာကြကာ လုပ်ငန်းတွင်ကျယ်မှုများဖြစ်ထွန်းလာကြောင်း သိရှိရသည်။ လှိုင်ကော်မြို့ရဲ့ ဈေးကွက်ကို တင်သွင်းမှုကောင်းမွန်ခြင်းနှင့် အများပြည်သူစားသုံးကြသော ရွှေရင်အေး (၁)၊ ရွှေရင်အေး (၂) စပါးမျိုးကို စိတ်ဝင်စားစွာ အများဆုံးစိုက်ပျိုးနေကြပြီး တစ်ပိဿာကို ၅၇၀ ကျပ်နှုန်းရရှိကြောင်း သိရှိရသည်။

ကျန်းမာရေးနှင့်ညီညွတ်သော ဆန်စပါးများရရှိစေရန် ဓာတုဗေဒဆေးများဖြင့်အသုံးပြုနည်းကာ သဘာဝမြေဩဇာအဖြစ် နွားချေးများကိုသာ အဓိကထားသုံးစွဲစိုက်ပျိုးခဲ့တာကြောင့် အဆီအနှစ်ပြည့်ဝသော ဆန်စပါးများထွက်ရှိခဲ့သည့်အတွက် စားသုံးမှုတွင် အရသာပိုရှိကြောင်း တောင်သူတစ်ဦးထံမှ သိရှိခဲ့ရပါတယ်။

**ရဲနောင်(လှိုင်ကော်)**

## စီးရီးအေ ပွဲစဉ်(၈) အနိုင်အရှုံး ရလဒ်

| | | |
|---|---|---|
| ဘိုလော့နာ | ၀ - ၁ | ပါလာမို |
| အတ္တလန္တာ | ၃ - ၀ | ကာပီ |
| ဖရိုစီနိုနီ | ၂ - ၀ | ဆမ်ဒိုး |
| ဂျီနိုအာ | ၃ - ၂ | ချီယာနို |
| ဗီရိုနာ | ၁ - ၁ | ဘူဒီးနိစ် |
| ဆက်ဆူအိုလို | ၂ - ၁ | လာဇီယို |
| နာပိုလီ | ၂ - ၁ | ဖီအို |

# ဟိုတယ်ပေါင်းစုံချစ်ကြည်ရေးဖလား ဘောလုံးပြိုင်ပွဲ မန္တလေးဇုန်ဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွား ကျွမ်းကျင်ပညာရှင်များအဖွဲ့ (MHPA) နှင့် ပူးပေါင်း၍ ဟိုတယ်ခရီးပညာရှင်များအဖွဲ့က ကြီးကြပ်မှုဖြင့် ဘောလုံးပြိုင်ပွဲက မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ဝန်ထမ်းမိသားစု အချင်းချင်း ချစ်ကြည်ခင်မင်ရင်းနှီးနိုင်စေရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် ၂၀၁၅ ခုနှစ် ဟိုတယ်ပေါင်းစုံ ချစ်ကြည်ရေးဖလား ဘောလုံးပြိုင်ပွဲ (မန္တလေးဇုန်) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၁၈ ရက် နံနက် ၈ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အားကစားကွင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြောင်း သိရသည်။

ယင်းနောက် ပထမအဆင့် အုပ်စုပတ်လည်ပွဲဦးထွက် ပွဲစဉ်အဖြစ် (က)အုပ်စုမှ ဟိုတယ်ရွှေပြည်သာအသင်းနှင့် M-3 ဟိုတယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဟိုတယ်ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ ပြိုင်ပွဲပွဲစဉ်အပြီးတွင် ဟိုတယ်ရွှေပြည်သာအသင်းက M-3 ဟိုတယ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်တွင် အုပ်စု (၇) စုမှ ဟိုတယ်(ဘောလုံး)အသင်း ၂၂ သင်းတို့ ပါဝင်ကာ အောက်တိုဘာ ၂၄ ရက်ထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယအဆင့် ရှုံး/ထွက်ပွဲစဉ်ပြိုင်ပွဲများကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ဟိုတယ်ရွှေပြည်သာအသင်းနှင့် M-3 ဟိုတယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။




## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ တိုင်းအမှတ်(၅)၊ တောင်ငူလက်အောက်ရှိ လမ်းခင်းကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်နှင့်တည်နေရာ | တင်ဒါပုံစံ နှုန်း (ကျပ်) |
|---|---|---|---|
| ၁ | ၄(တင)မမ/CE | ကျေးတောဘူတာရထားတွဲပေါ်အရောက် (1"x½")အရွယ် စက်ခွဲ(အပြာရောင်)လမ်းခင်းကျောက် (၃၀၀၀.၀၀)ကျင်းဝယ်ယူခြင်း | ၅၀၀၀.၀၀ |
| ၂ | ၅(တင)မမ/CE | ရေနီဘူတာရထားတွဲပေါ်အရောက် (1"x½")အရွယ် စက်ခွဲ(အပြာရောင်)လမ်းခင်းကျောက် (၃၀၀၀.၀၀)ကျင်းဝယ်ယူခြင်း | ၅၀၀၀.၀၀ |

**တင်ဒါပိတ်မည့်ရက်/အချိန် ၂-၁၀-၂၀၁၅ရက် ညနေ ၄နာရီ**

၂။ တင်ပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂၀-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနများသို့ မေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာမှူး (မြို့ပြ)အင်ဂျင်နီယာဌာန၊ တိုင်း (၅)တောင်ငူ၊ ပျဉ်းမနား**
**ဖုန်း-၀၅၄-၂၃၀၆၁၊ ၀၅၄-၂၃၀၁၆၊ ၀၆၇-၂၂၀၇၇၊ ၀၆၇-၂၁၁၈၂**

**ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဂ/၁၅၀၁ ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## CLAIMS DAY NOTICE
## M.V FORTUNE EPOCH VOY:NO (100)

Consignees of cargo carried by M.V FORTUNE EPOCH VOY:NO (100) are here by notified that the vessel will arrive on about 21-10-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အမည်ပြောင်း

ဦးရဲသူရအောင်၏သား မြို့မ အထက နတ်တလင်း၊ သတ္တမတန်း(A)မှ မောင်သားချစ်ရဲရဲအား မောင်သားချစ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမြန်ပြန်လာပါ

ကျွန်မ ဒေါ်စန်းစန်းတင့် ၁၂/သလန(နိုင်)၀၂၀၃၂၄၏ သမီး မရွှန်းလဲ့ဝေ ၁၂/သလန(နိုင်)၁၃၀၆၂၄ သည် ၁၆-၁၀-၂၀၁၅ရက်တွင် နေအိမ်မှထွက်သွားပါသည်။ သမီးလေးအပြစ်အားလုံး ခွင့်လွှတ်ပါသည်။ မေမေ နေမကောင်းဘူး။ အမြန်ပြန်လာပါ။ တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းတင့်**
**ဖုန်း-၀၉-၃၁၁၂၈၂၄၈**

# ၁၄ ဘီးကုန်ကား ကမ်းနားလမ်းသစ်ပေါ်မှ လမ်းဟောင်းပေါ်သို့အရှိန်လွန်ကျ၍ လမ်းဘေးရပ်အိမ်စီးယာဉ်ငယ်ခြောက်စီးပျက်စီး

**ရန်ကုန် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီခန့်က လသာမြို့နယ် (၁၉) လမ်း ကမ်းနားထိပ် ကွန်ကရစ်ကမ်းနားလမ်းသစ်ပေါ်၌ အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ၁၄ ဘီး နောက်တွဲပါ ကုန်ကားယာဉ်အမှတ် ၅က/---- သည် တစ်ဖက်ဆန့်ကျင်ဘက်ယာဉ်ကြောကို ကျော်လွန်ပြီး သုံးပေခန့်နိမ့်သော ကမ်းနားလမ်းဟောင်းပေါ်သို့ အရှိန်လွန်ပြုတ်ကျမှု ဖြစ်ပွားခဲ့သည်။

ယင်းသို့ ပြုတ်ကျမှုကြောင့် ကမ်းနားလမ်းဟောင်း၏ လမ်းဘေးယာဉ်ရပ်နားရာနေရာ၌ ရပ်ထားသော ယာဉ်ငယ်များအနက် အိမ်စီးယာဉ်ခြောက်စီး ထိခိုက်ပျက်စီးခဲ့သည်။ စူပါကပ်စတန်ယာဉ်အမှတ် 8I/---- အဖြူရောင်ယာဉ်သည် ရပ်ထားရာမှ တစောင်းလဲကျပြီး အဆိုပါကုန်ကားဖြင့် ဖိမိထား၍ ယာဉ်တစ်စီးလုံး ပျက်စီးခဲ့သည်။

ယင်းယာဉ်ဘေးရှိ ခဲသားရောင် ဟွန်ဒါဖစ်ယာဉ်အမှတ် 6E/ ---- မှာလည်း ရပ်ထားသည့်အတိုင်း အဆိုပါကုန်ကားပိမှုကြောင့် ထိခိုက်ပျက်စီးမှုများသည်။ ယင်းဘေးရှိ ဟိုင်းလတ်အပြာရောင် 2A/----- မှာမူ ပျက်စီးမှုနည်းသည်။ အနောက်ဘက်ခြမ်းရှိ ဟွန်ဒါဒီဗစ် 5G/ ---- ၊ အရှေ့ဘက်ခြမ်းရှိ ဆူဇူကီးယာဉ်အမှတ် 9I/ ---- နှင့် 6E/---- တို့မှာ ထိခိုက်မှုနည်းသည်ဟု သွားရောက်ကြည့်ရှုခဲ့သည့် လမ်းမတော်မြို့နယ်မှ ကိုထူးက ဆိုသည်။

ယင်းဖြစ်စဉ်ဖြစ်ပွားသောနေရာသို့ သက်ဆိုင်ရာက လာရောက်စစ်ဆေးအရေးယူခြင်း၊ ယာဉ်များဖယ်ရှားခြင်းများ လုပ်ဆောင်ခဲ့သည်။ ၁၄ ဘီး နောက်တွဲပါ ကုန်ကားမောင်းသူမှာ အခင်းဖြစ်ပွားသည့်နေရာ၌ မရှိသဖြင့် သက်ဆိုင်ရာက စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**ခင်ဆိုင်**




## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မန္တလေး အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ ရဲအုပ် မြင့်သောင်း ဦးစီးအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောင်မြေသာစံမြို့နယ် ၁၂ လမ်းနှင့် ၇၃ လမ်းထောင့် လမ်းမပေါ်၌ စောင့်ဆိုင်းနေစဉ် ကောင်းမြတ်နိုင်(ခ) သားကြီး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၄ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းကိုစစ်မေးရာ ဖမ်းဆီးရမိဆေးပြားများကို လွန်ခဲ့သော ၁၀ ရက်ခန့်က နွားရောင်းဝယ်လုပ်ကိုင်ရင်း ခင်မင်ခဲ့သူ သီပေါမြို့နယ် နမ့်လန်ကျေးရွာနေ ရှမ်းအမျိုးသမီး ဒေါ်နန်းဆိုသူထံမှ ဝယ်ယူခဲ့ရာ ကျန်ရှိ ဆေးပြားများဖြစ်ကြောင်း သိရ၍ ကောင်းမြတ်နိုင်(ခ)သားကြီး (၂၃ နှစ်) အောင်မြေသာစံမြို့နယ် နေသူနှင့် ဆေးပြားများရောင်းချပေးသူ ဒေါ်နန်း (စုံစမ်းဆဲ)တို့ နှစ်ဦးအား အမှတ်(၂)နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# တရားမဝင်ပစ္စည်းများ သယ်ဆောင်လာသူကို အရေးယူ

**တာချီလိတ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဝမ်ကောင်းမွန်ကျေးရွာအနီး မိုဘိုင်းစစ်ဆေးရေးဂိတ်၌ FDA အထောက်အထားမပါရှိဘဲ တရားမဝင်တင်သွင်းလာသည့် စားသောက်ကုန်များ၊ အချိုရည်များ၊ ကားနှင့်ဆိုင်ကယ်အပိုပစ္စည်းများ၊ စပိုင်ဝိုင်၊ သင်းခွေချပ်နှင့် လိပ်အကောင်များကို အောက်တိုဘာ ၁၆ ရက်က သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီက တာချီလိတ်ကုန်သွယ်ရေးစခန်းတာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ထုတ်နုတ်မိုဘိုင်းအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင် ဦးစီးအဖွဲ့သည် မယ်ယန်းကုန်သွယ်ရေးစခန်းအနီး ဝမ်ကောင်းမွန်ကျေးရွာ မိုဘိုင်းစစ်ဆေးရေးဂိတ်၌ မသင်္ကာဖွယ်ရာ ဒိုင်နာအဖြူရောင်ယာဉ်တစ်စီးကို မယ်ယန်းစစ်ဆေးရေးစခန်းသို့ မောင်းနှင်ယူဆောင်၍ အသေးစိတ်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ FDA အထောက်အထားမပါရှိဘဲ တရားမဝင်တင်သွင်းလာသည့် Soy milk ၊ Vita milk ၊ M-150 ၊ Sponsor။ Black Tea၊ Spy Wine ၊ ကားနှင့်ဆိုင်ကယ်အပိုပစ္စည်းများ၊ ဆီပုံးများ၊ စားသောက်ကုန်အချို့နှင့် ဖုံးကွယ်၍ တရားမဝင်တင်သွင်းလာသည့် သင်းခွေချပ်သုံးကောင်နှင့် လိပ် ၁၈၈ ကောင်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်နှင့် အခြားကုန်များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့အပ်နှံကာ တရားမဝင်ပစ္စည်းများတင်သွင်းလာသည့် ပြစ်မှုကျူးလွန်သူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဝါးနှင့်မျောတိုင်များ တင်ဆောင်လာသော ကုန်တင်ယာဉ် ချောင်းထဲပြုတ်ကျ

**မော်လမြိုင် အောက်တိုဘာ ၁၈**

ကျိုက်ထိုမြို့ ကုံကော်ရပ်ကွက် အောင်ချမ်းသာပိုင်းနှင့် အောင်မြင်သာပိုင်းတို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် အရှည်ပေ ၉၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၀ ပေခန့်ရှိသော သစ်သားဘေလီတံတားပေါ်သို့ အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီခန့်က ဘီးလင်းမြို့နယ် မိုးဝသိမ်းကျေးရွာနေ ပြည့်စုံအောင် (၂၄ နှစ်) မောင်းနှင်လာသည့် 2B/------နစ်ဆန်းအမျိုးအစား ခြောက်ဘီးယာဉ်သည် ဝါးနှင့်မျောတိုင်များတင်ဆောင်၍ ဖြတ်သန်းမောင်းနှင်စဉ် တံတားဝဲဘက်ခြမ်း ရေလယ်တိုင်(၂)ကျိုး၍ ချောင်းအတွင်းသို့ထိုးကျတိမ်းမှောက်သွားကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ပြည့်စုံအောင်ကို ကျိုက်ထိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**(လ/၀၁၂)**

# အမြန်လမ်းမပေါ်၌ ခိုးမှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၀/၅ နှင့် ၀/၆) အကြားတွင် အောက်တိုဘာ ၁၆ ရက် နံနက်စောပိုင်းက မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ဦးသန်းထွန်းဦး မောင်းနှင်သော ယာဉ်အမှတ် 9J/-- ----- ဟိုက်ဂျက် ယာဉ်မှာ လမ်းဘေး၌ ရပ်နားပြီး ယာဉ်ပေါ်ရှိ မိသားစုဝင်ငါးဦးအနက် ယာဉ်ခေါင်းခန်း၌ တစ်ဦး၊ ယာဉ်နောက်ခန်း၌ လေးဦးအိပ်နေစဉ် ငွေများကိုနှိုက်ယူနေကြောင်း တွေ့မြင်ရသဖြင့် သူခိုးဟုအော်ဟစ်ခဲ့ရာ အဆိုပါ လူသည် လမ်းဘေးရှိ ကြက်ခြံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ထိုသို့ အော်ဟစ် အကူအညီတောင်းခံစဉ် လှည့်ကင်းတာဝန်ဆောင်ရွက်နေသော အမှတ် (၃) လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်လေးဦးက အခင်းဖြစ်ရာသို့ ရောက်ရှိလာပြီး ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ခင်မောင်ချစ်(၄၈နှစ်) အနန်းပင်ရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေသူကို ၎င်းခိုးယူခဲ့သော ငွေကျပ် ၁၀ သိန်းနှင့်အတူဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအသုံးပြုသော နယူးဇင်းနစ်အမျိုးအစား ဆိုင်ကယ်ကို မော်တော်ယာဉ်အနီးလမ်းစပ်၌ တွေ့ရှိရသဖြင့် အမှုဖွင့်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ၁၅-၁၀-၂၀၁၅ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးမှုများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**



## ငြိမ်းချမ်းသောအနာဂတ်အတွက် သမိုင်းမှတ်တိုင်တစ်ခုအဖြစ်ကြိုဆိုဂုဏ်ပြုခြင်း

အသက်ပေါင်းများစွာဆုံးရှုံးစေပြီး ထောင်ပေါင်းများစွာသော ပြည်သူများ နေအိမ်စွန့်ခွာခဲ့ရသည်။ ဆယ်စုနှစ်များစွာ ပြည်တွင်းစစ် ကာလများနောက်ပိုင်း ယခုကဲ့သို့ပင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအား သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

ခက်ခဲသော ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်တစ်ရပ် အဆုံးသတ်ရန် ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့အစည်းများအားလည်း ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် (NCA) လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများအနေဖြင့်လည်း အပြုသဘောဆောင်သည့်စိတ်ဓာတ်ဖြင့် ငြိမ်းချမ်းသော အနာဂတ်တစ်ရပ်အတွက် အတူတကွ လက်တွဲဆောင်ရွက်လာနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**



**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း၊ အထက တက္ကသိုလ်ဝင်တန်းမှ မဖူးပွင့်သီဂီနှင့်မောင်ဖြိုးဇေရာမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင်(ခ)ဦးမြင့်နိုင် ၇/ကတခ(နိုင်)၀၈၇၂၈၅ဖြစ်ပါကြောင်း။


**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်စေတီနှစ်ဆူ ပြန်လည်ပြုပြင်တည်ဆောက်မည်

သီတဂူဆရာတော်အရှင်ဉာဏိဿရ
တွဲဖက်ရွှေကျင်သာသနာပိုင် (၄)၊
အဂ္ဂမဟာပဏ္ဍိတ
Ph.D., D.Litt.



မင်းတုန်းမင်းတရားကြီးမဟာဗောဓိညောင်ပင်နှင့် စေတီတော်ကြီးသို့လှူဒါန်းခဲ့သောအလှူတော်များ မှတ်တမ်းတင်ထားသည့် မဟာဗောဓိရွှေညောင်တော်ကျောက်စာသံပိုင်းမော်ကွန်း။

**မင်းတုန်းမင်းတရားကြီး၏ မဟာဗောဓိရွှေညောင်တော်ကျောက်စာ သံပိုင်းမော်ကွန်း**
**ပါဠိ------မြန်မာနှစ်ဘာသာ**

သုရဂ္ဂဘူပေါ ဇဂတောသဘော၊ ဒယောဒကံ သီတမုဘေတု ဘေတုသေ။
ဝနီကဇန္တူ သုသုခံ တပံတပံ၊ ယသံ ဓရော ယော သဟ ဝေ သဒါ သဒါ။

ယသံ-တန်ခိုးကျော်စောခြင်းကို။ ဓရော-ဆောင်တော်မူနိုင်သော၊ ဇဂတိ အာသဘာ ဥသဘော-လူအပေါင်းတို့ထက်မြတ်သော၊ ဥသဘမြှောက်ပြီး အာသဘကြီး ဖြစ်တော်မူသော။ ယော သုရဂ္ဂဘူပေါ-အကြင်နတ်အပေါင်းတို့ထက် မြတ်သည်၏ အဖြစ်ကြောင့်၊ သုရဇ္ဇေဌက မလာသနမည်သော ပြဟ္မာမင်း တည်းဟူသော တရားမင်းမြတ်သည်။ သေဝနိကဇန္တူသု- မိမိကိုမှီကုန်သော တိုင်းနိုင်ငံသူရှင်လူ အပေါင်းတို့၌၊ သီတံ-သီတေန- ချမ်းအေးလှစွာသော၊ ဒယာဥဒကံ-ဒယာဥဒကေန- မေတ္တာတည်းဟူသော ရေအေးဖြင့်၊ ဥဘေတု-သိဉ္စတု-သွန်းလောင်းဖျန်းဆွတ်ပါစေသတည်း။ သသော သုရဂ္ဂဘူပေါ- ထိုနတ်အပေါင်းတို့ထက် မြတ်သည်၏ အဖြစ်ကြောင့်၊ သုရဇ္ဇေဌက မလာသနမည်သော ပြဟ္မာမင်း တည်းဟူသော တရားမင်းမြတ်သည်၊ တပံ၊ အဇ္ဈတ္တိကဗာဟိရသန္တာန်၌ကျရောက်လာသော ပူပန်ခြင်း ဒုက္ခကို။ တပံ-တပန္တော- မိမိကပူပန်စေလျက်၊ ဟဝေ-ဧကန္တေန- စင်စစ်သဖြင့်။ သဒါ သဒါ- အခါခပ်သိမ်း။ သုခံ- ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ။ သေတု၊ အတ္တဘော၌ ဘေးနှောမရှိဘဲ ပကတိ ဖြစ်ပါစေသတည်း။



အလှူတော်များ သိမ်းဆည်းထားသိုရာ အုတ်တိုက်ဘဏ္ဍာအိမ် ကျောက်စာမော်ကွန်းထားရှိရာ ကျောက်စာတိုက်
(အဆောက်အအုံများကို ဒေသခံအိန္ဒိယနိုင်ငံသားများ ပြုပြင်ထားသောကြောင့် မြန်မာ့လက်ရာများ မကျန်ရှိတော့ပေ။)



ပြန်လည်ပြုပြင်တည်ဆောက်မည့် ဘဏ္ဍာတိုက်နှင့်ကျောက်စာတိုက်ပုံ။

ဗုဒ္ဓမြတ်စွာပွင့်တော်မူရာ မဟာဗောဓိပင်သို့ ၁၉၈၁ ခုနှစ်မှစ၍ နှစ်စဉ်လောက်နီး ရောက်ရှိခဲ့သည်။ (၂၅)ကြိမ်ထက်မနည်း ရောက်ရှိခဲ့သည်။ မဟာဗောဓိပင်ကို ဖူးမြော်ပြီးလျှင် ရှေးဟောင်းဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်ရုပ်တု၊ ဆင်းတု၊ ပန်းပု၊ အနုပညာတို့ကို လေ့လာခဲ့သည်။ မဖြစ်မနေရောက်ရှိခဲ့သောနေရာ တစ်ခုမှာ မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ဌာပနာ စေတီနှင့် ကောင်းမှုတော် ကျောက်စာစေတီတို့ဖြစ်သည်။

ထိုစေတီဟောင်းနှစ်ဆူမှာ နေရဉ္စရာကို မေးတင်ဆောက်ထားသည်။ ဟိန္ဒူဘုန်းတော်ကြီး မဟန္တာ၏ ကျောင်းအတွင်းမှာရှိသည်။ သစ်ပင်ချုံနွယ်များ ပိတ်ဖုံးလျက် ကျိုးပဲ့ပျက်စီးကာ ရေညှိများတက်ကာ ပင်ပန်းညှိုးငယ်စွာ စံပယ်လျက်ရှိပါသည်။ ချုံနွယ်ပိတ်ပေါင်းတို့ကို တိုးဝှေ့၍ ကျောက်စာစေတီတွင်းသို့ ဝင်ကာ ကျောက်စာတို့ကို ကြိုးစား၍ဖတ်ကြည့်ပါသည်။ ပါဠိ၊ မြန်မာ၊ ဒေဝနာဂရီဖြင့် ရေးသော သက္ကတဘာသာဟု သုံးဘာသာဖြင့် ရေးထိုးထားသော စကျင်ကျောက်ဖြူသား ငါးပေခန့်အမြင့်ရှိသော ကျောက်စာကို လွမ်းမောဖွယ် တွေ့ရလေသည်။

ကျောက်စာ၌တွေ့ရသော မှတ်တမ်းအကျဉ်းချုပ်မှာ သာသနာနှစ် ၂၄၁၇ခု၊ ကောဇာသက္ကရာဇ် ၁၂၃၆ ခု၊ တန်ဆောင်မုန်းလတွင် မြောင်လှမြို့စားဝန်ထောက်မင်းကြီး သီရိမဟာဇေယျသူ၊ စာရေးကြီး နေမျိုးမင်းထင်စည်သူ၊ အမှာရေး နေမျိုးမင်းထင်ကျော်ခေါင်တို့ကို အခြံအရံနှင့်တကွ စေခန့်တော်မူ၍ လှူဖွယ်ဝတ္ထုတို့ကိုလည်း စကြာယာဉ်မွန် မီးသင်္ဘောတော်တွင်တင်၍ မဟာဗောဓိ ရွှေညောင်တော်အရောက် စေလွှတ်ပို့သ တင်လှူတော်မူသည်။

စိန်အလုံးရေ ၅၁၁လုံး၊ မြအလုံးရေ ၃၁၁ လုံး ကျောက်နီလုံးရေ ၃၉၆၆ လုံး၊ ပုလဲလုံးရေ ၆၂၃ လုံး၊ ဆွေတော်/မျိုးတော်၊ သားတော်/သမီးတော်တို့လှူသော ရွှေထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်တို့ကား များပြားစွာဘိတောင်း။ မြန်မာဘာသာကျောက်စာ၌ 'အပရာဇိ၊ ညောင်ဗောဓိသို့၊ အသဒိသ၊ မြတ်ဒါနဟု၊ စိန်၊ မြ၊ ပတ္တမြား၊ ကိုးပါးနဝရတ်၊ လျော်ပတ်ခြယ်လှယ်၊ လွန်ဆန်းကြယ်ကို၊ ကျယ်မကုန်နိုင်၊ ဆုံးမပိုင်တည့်။ နိုင်ငံသုံးလူ၊ သာခုယူလျက်၊ လှူရေစက်ဖြင့်၊ ပန္နက်ဆုကြီး၊ မင်္ဂဖိုလ်ထီးဟု၊ ညီးညီးပွင့်လျက်၊ မြင့်ထက်မြင့်သား၊ ကြည်မင်းဗိမာန်၊ မြိုက်နိဗ္ဗာန်ကို၊ ဧကန် မျက်မှောက်၊ ပြုရမြောက်စိမ့်၊ လျှင်တောက်တပို၊ မိန့်မြွက်ဆိုပြီး၊ ထိုသည့်ဒါန၊ ဒါတဗ္ဗကိုရ စသည်ဖြင့် ရေးထိုးထားခဲ့လေသည်။

ထိုစဉ်က မဟာဗောဓိပင်နှင့် မဟာဗောဓိစေတီတော်ကြီးမှာ စနစ်တကျဖွဲ့စည်း အုပ်ချုပ်သော ရှေးဟောင်းအဖွဲ့များမရှိသေးမှု၍ အင်္ဂလိပ်အစိုးရကလည်း ကိုင်တွယ်နိုင်ခြင်းမရှိသေးသဖြင့် ဟိန္ဒူဘုန်းတော်ကြီး မဟန္တာယောဂီက အုပ်ချုပ်ထားလေသည်။ မင်းတုန်းမင်းကြီးသည် ထိုကျောက်မျက်ရတနာတို့ကို မဟာဗောဓိစေတီတော်ကြီးကို ပြုပြင်ရန်ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်သည်။ ပြုပြင်ခွင့်ကိုလည်းတောင်းဆိုခဲ့လေသည်။

မဟာဗောဓိစေတီတော်ကြီး စီမံအုပ်ချုပ်ရေး အာဏာပိုင်များမှာ ဂယာဒေသ အုပ်ချုပ်ရေးအရာရှိလက်တွင်မရှိဘဲ မဟန္တာဘုန်းတော်ကြီးများ၏ လက်မှာသာရှိသောကြောင့် မဟန္တာ ဘုန်းတော်ကြီးနှင့် ညှိနှိုင်းမှု မပြီးဆုံးဘဲ ရတနာများကို ထိုမဟန္တာဘုန်းကြီးများအား အပ်နှံထားခဲ့ရလေသည်။

ထို့ကြောင့် မြောင်လှမြို့စားမင်းကြီး သီရိမဟာဇေယျသူ ခေါင်းဆောင်သော မြန်မာ့သံတမန်အဖွဲ့က ကျောက်မျက်ရတနာများ သိမ်းဆည်းရန် အုတ်တိုက်စေတီတစ်ဆူနှင့် ကျောက်စာစေတီတစ်ဆူတို့ကို မဟန္တာယောဂီ (ဇော်ဂျီ)ကြီး၏ ကျောင်းဝင်းအတွင်းမှာတည်ထား၍ ပြန်ခဲ့ကြရလေသည်။ မဟာဗောဓိစေတီတော်ကြီးကို ပြုပြင်ခွင့်ကား မရခဲ့ချေ။

(အခြားမှတ်တမ်းများ၌ မဟန္တာယောဂီကြီးက ခရစ်နှစ် ၁၈၇၇-ခုနှစ်တွင်မှ ပြင်ခွင့်ပေး၍ မြန်မာ့မစ်ရှင် မန္တလေးမှ ပြန်လာလုပ်ငန်းစသည်ဟု ဆိုပါသည်။ သို့သော် မင်းတုန်းမင်းကြီးသည် ၁၈၇၈-ခုနှစ် (စက်တင်ဘာ) တွင် နတ်ရွာစံတော်မူခဲ့လေပြီ။ မင်းကြီးနတ်ရွာစံသော် ဗုဒ္ဓဂယာရောက် မြန်မာမစ်ရှင်အဖွဲ့လည်း မန္တလေးသို့ပြန်ခဲ့ရပြီး ဖြစ်လိမ့်မည်။ ကောင်းမှုတော်ကား ခရီးမပေါက် မပြီးမရောက် ဖြစ်ခဲ့လေသည်။)

ယနေ့မြင်ကွင်းမှာမူ ကျောက်မျက်တို့ သိုလှောင်ရာ ဂိုဒေါင်သဖွယ်ဖြစ်ခဲ့သော (ဌာပနာစေတီ) ဌာပနာတိုက်မှာ ဘုရားသီတင်းသုံးရန် ပလ္လင်ငယ်ကလေးနှင့် ဟင်းလင်း ဟောင်းလောင်း-ဟိန္ဒူ ပန်းရန်တို့ အကြိမ်ကြိမ် အဖန်ဖန် ပြင်ဆင်ထားသောကြောင့် မြန်မာ့ဟန် မန္တလေးလက်ရာ ယဉ်ကျေးမှုများ ပျောက်ကွယ်လျက်ရှိနေလေပြီ။ ကျောက်စာတိုက်စေတီမှာလည်း မြန်မာစေတီလော၊ ဟိန္ဒူစေတီလော ထင်မှားစရာဖြစ်ပါသည်။ ကျောက်စာတိုက်ကိုပြင်၍ ကျောက်စာချပ်ကြီး မပျောက်မပျက်အောင်



မဟာဗောဓိစေတီတော် အုပ်ချုပ်ရေးရုံးခန်းတွင် သီတဂူဆရာတော်ကြီးနှင့်အုပ်ချုပ်ရေးအဖွဲ့များ အစည်းအဝေးကျင်းပနေစဉ်။

ထိန်းသိမ်းထားခဲ့ကြသော မဟန္တာဘုန်းတော်ကြီး အဆက်ဆက်ကို အထူးပင်ကျေးဇူးတင်ရပါသည်။ သို့သော် မင်းတုန်းမင်းကြီး၏ ကောင်းမှုတော် ကျောက်မျက်ရတနာတို့ကိုတော့ မှန်းမျှော်၍ လွမ်းမိပါသည်။

မြန်မာ့ယဉ်ကျေးမှု၊ ဘာသာရေး၊ သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာ တစ်မျိုးသားလုံးမှာ တာဝန်ရှိပါသည်။ ဗုဒ္ဓဂယာသို့ရောက်တိုင်း ဟိန္ဒူကျောင်းတွင်းက ညှိုးညှိုးငယ်ငယ် စံပယ်တော်မူနေသော ရတနာစေတီနှင့် ကျောက်စာစေတီနှစ်ဆူတို့ ဖူးမြော်ရတိုင်း ရယူချင်သော ကုသိုလ်အခွင့်ကို မဟာဗောဓိပင်မှာ အကြိမ်ကြိမ်ဆုတောင်းမိသည်။ သမိုင်းပေးကုသိုလ်ရယူဖို့ သမ္မတကြီး ဦးသိန်းစိန် အိန္ဒိယသွားတော့မှာလိုက်မိသည်။ သမ္မတကြီးက ဝန်ကြီးချုပ်နရိန္ဒြာမိုဒီကို ပြောသည်။ တရားဝင်ပြင်ဆင်ခွင့်ရလေပြီ။

အောက်တိုဘာ ၁၃ ရက်က အိန္ဒိယလေကြောင်းဖြင့် ဂယာသို့ ရောက်သည်။ တမ္ပဝတီ ဦးဝင်းမောင်၊ တမ္ပဝတီ ချိုဇော်မင်း၊ သီတဂူဘာဘူတို့ အဖွဲ့ဝင်အဖြစ်ပါလာသည်။ ဘီဟာပြည်နယ် ယဉ်ကျေးမှုဌာန အရာရှိများ ဂယာလေဆိပ်မှာ ပန်းစည်းဆက်၍ ကြိုဆိုကြသည်။ မွန်းလွဲ ၂ နာရီ ရောက်လေသည်။ ညနေ ၄ နာရီတွင် မဟာဗောဓိ ဂေါပကအဖွဲ့ရုံးခန်း၌ ဟိန္ဒူမဟန္တာ ဘုန်းတော်ကြီး၊ ဆရာတော် ဦးဉာဏိန္ဒ၊ ဦးနန္ဒောဘာသ၊ မြန်မာကောင်စစ်ဝန် ဦးသန်းထွေး၊ အိန္ဒိယပြည် ရှေးဟောင်းသုတေသနပညာရှင်များ၊ နိုင်ငံခြားရေးဌာနမှ အရာရှိများ၊ မဟာဗောဓိစေတီတော်အတွင်းရေးမှူးတို့ တက်ရောက်ကြသည်။ ညနေ ၅ နာရီတွင် အစည်းအဝေးပြီးသည်။ မြန်မာမှု မြန်မာ့ဟန်နှင့် မြန်မာတို့ပြင်ဖို့ သဘောတူ ဆုံးဖြတ်ကြသည်။ အောက်တိုဘာ ၁၄ မှာ ကွင်းဆင်း၍ အသေးစိတ် လေ့လာတိုင်းတာတွက်ချက်၊ ပုံထုတ်နေရာ ရှင်းကြသည်။

အောက်တိုဘာ ၁၅ ရက်နေ့ တစ်နေ့လုံး ဆရာတော်ကိုယ်တိုင်၊ တမ္ပဝတီ ဦးဝင်းမောင်၊ တမ္ပဝတီချိုဇော်မင်း၊ သီတဂူ ဘာဘူ၊ ကောင်စစ်ဝန်ကိုသန်းထွေးတို့ ငါးဦး Royal Residency Hotel ၌ ညှိနှိုင်းတိုင်ပင်၍ ကွန်ပျူတာနှင့် ပုံစံများထုတ်ကြသည်။ အောက်တိုဘာ ၁၅ ရက် ညနေခင်းတွင် အုပ်ချုပ်ရေးအဖွဲ့၊ ရှေးဟောင်းသုတေသနအဖွဲ့၊ သီတဂူအဖွဲ့နှင့် မြန်မာ့သံတမန်အဖွဲ့တို့ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံကြသည်။ လက်ရှိအဆောက်အအုံအဟောင်း၏ မြန်မာ့ပုံဟန်မကျသော အပေါ်ယံမွမ်းမံမှုများကို ခွာချဖျက်သိမ်း၍ မန္တလေးမူ၊ မန္တလေးဟန် မင်းတုန်းခေတ်အသွင်ဖြင့် ပီပီသသဆောက်လုပ်ရန် သဘောတူ အပြီးသတ်ဆုံးဖြတ်ကြသည်။ မန္တလေးဘုရင်ကြီး၏ ကောင်းမှုစေတီနှစ်ဆူကို မန္တလေးသူ၊ မန္တလေးသားတို့ အကုန်လှူကြမည်ဟု ကတိပြုထားကြပြီ။ စေတီနှစ်ဆူစလုံးကို မန္တလေး ကျောက်စာစေတီများ၏ ပုံအတိုင်း ပြန်လည်တည်ဆောက်သွားမည်ဖြစ်သည်။

အပရာဇိ၊ ညောင်ဗောဓိသို့၊ အသဒိသ၊
မြတ်ဒါနဟု၊
စိန်ယ မြယ ပတ္တမြား၊ ကိုးပါးနဝရတ်၊
လျော်ပတ်ခြယ်လှယ်၊
လွန်ဆန်းကြယ်ကို၊ ကျယ်မကုန်နိုင်၊
ဆုံးမပိုင်တည့်။
နိုင်ငံလုံးသူ၊ သာခုယူလျက်၊ လှူရေစက်ဖြင့်၊
ပန္နက်ဆုကြီး၊ မင်္ဂဖိုလ်ထီးဟု၊ ညီးညီးပွင့်လျက်၊
မြင့်ထက်မြင့်သား၊ ကြည်မင်းဗိမာန်၊
မြိုက်နိဗ္ဗာန်ကို၊
ဧကန်မျက်မှောက်၊ ပြုရမြောက်စိမ့်-------

(မဟာဗောဓိရွှေညောင်တော်ကျောက်စာ မြန်မာဘာသာကို စာရေးကြီး နေမျိုးမင်းထင် စည်သူ ရေးသားပြီး ပါဠိဘာသာ ဤမော်ကွန်းစာကို မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဒီပါလင်္ကာရ သိရိကဝိဓဇ မဟာထေရ်က ရေးသားတော်မူသည်။)

'သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ'

# သာစည်မြို့နယ်တွင် နေကြာစိုက်ပျိုးသူ များပြားလျက်ရှိ

**သာစည် အောက်တိုဘာ ၁၈**

ယခုနှစ်အတွင်း သာစည်မြို့နယ်တွင် မိုးရွာသွန်းမှု နည်းပါးခဲ့ခြင်းကြောင့် ဒေသတွင်းမှ တောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးရန် အချိန်မရှိတော့သဖြင့် စားသုံးဆီရရှိရန် ကြားသီးနှံအဖြစ် စပ်မျိုး(၁) နေကြာများကို စက်တင်ဘာလအတွင်းက စတင်စိုက်ပျိုးခဲ့ကြရာ ရာသီချိန်ကိုက်ညီမှုရှိသဖြင့် နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က အထွက်နှုန်းကောင်းတဲ့ စပ်မျိုး(၁) နေကြာကိုသာ စိုက်ပါတယ်။ ဆီထွက်နှုန်းလည်း ကောင်းပါတယ်။ နည်းစနစ်မှန်မှန်စိုက်ရင် တစ်ဧကကို တင်း ၆၀ အထိထွက်ပါတယ်။ နေကြာစေ့တစ်တင်းကြိတ်ရင် ဆီ ၄ ပိဿာနဲ့ ၅၀ကျပ်သား ထွက်ပါတယ်။ ဆီကြိတ်ပြီး ရောင်းရင် ဝင်ငွေရှစ်သိန်းကျော် ရနိုင်ပါတယ်"ဟု ဥသျှစ်ကုန်းကျေးရွာမှ နေကြာစိုက်ပျိုးထားသည့် တောင်သူ ဦးသန်းဝင်းက ပြောသည်။ စပ်မျိုး(၁)နေကြာသည်အပင်ပေါက်နှုန်းကောင်းမွန်သည့်မျိုးဖြစ်သဖြင့် စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ တွင် ရိတ်သိမ်းနိုင်ကြောင်း၊ နေကြာစေ့ထွက်နှုန်းမှာ တစ်ဧက ၅၅ တင်းနှင့် အထက်ရှိကြောင်း သိရသည်။

စပ်မျိုး(၁)နေကြာကို စိုက်ပျိုးသည့်အခါတွင် အစိုဓာတ်ထိန်းသိမ်းနိုင်သည့် နုန်းဆန်သောမြေ၊ သဲနုန်းမြေနှင့် မြေဆီထက်သန်သောမြေများတွင်သာ စိုက်ပျိုးရကြောင်း၊ စပ်မျိုး(၁)နေကြာသည် ရွက်ခြောက်ရောဂါဒဏ်ကိုလည်း အသင့်အတင့်ခံနိုင်ကြောင်း၊ အထွက်နှုန်းကောင်းသဖြင့် တစ်ဧကလျှင် မျိုးစေ့သုံးပြည်သာ သုံးရကြောင်း၊ အစေ့အောင်မြင်မှုကောင်းစေရန် အဖူးဝင်ချိန်နှင့် ပန်းပွင့်ချိန်တွင် ရေသွင်းပေးရကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်မန်နေဂျာဦးဇော်ရဲထွန်းက ရှင်းပြသည်။

နေကြာသီးနှံသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည့် သီးနှံဖြစ်ပြီး နေကြာဆီသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သင့်လျော်သောကြောင့် စားသုံးဆီဖူလုံရေးအတွက် တောင်သူတိုင်းစိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



သာစည်မြို့နယ် ဆည်ကြီးတောင်ကျေးရွာအနီးမှ အောင်မြင်ဖြစ်ထွန်းနေသော နေကြာစိုက်ခင်း။

# ညောင်လေးပင်မြို့နယ် ဘိုးဘွားရိပ်သာတိုးချဲ့ဆောင်အတွက် အလှူငွေများလိုအပ်နေ

**ညောင်လေးပင် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ စေတနာလူမှုကူညီရေးအသင်းက ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာတွင် တိုးချဲ့ဆောင်သစ်တည်ဆောက်ခြင်းနှင့် နောင်တွင် တိုးပွားလာမည့် ဘိုးဘွားဦးရေ တိုးလာပါက ထားရှိနိုင်ရန် မြေနေရာသစ် ကြိုတင်ဝယ်ယူထားခြင်းအတွက် အလှူငွေများ လိုအပ်လျက်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့ ဘိုးဘွားရိပ်သာကို စတင်ဖွင့်လှစ်စဉ်က ဘိုးဘွား ၁၀ ဦးကို စတင်လက်ခံခဲ့ပြီး ယခုအခါ ၂၉ ဦးအထိ ရှိလာသဖြင့် ဘိုးဘွားများအတွက် နေရာအခက်အခဲရှိလာသောကြောင့် လက်ရှိဘိုးဘွားရိပ်သာ၏ ယာဘက်တွင် ပေ ၃၀ ပေ ၆၀ ရှိ တိုးချဲ့ဆောင်သစ်တစ်ခုကို တည်ဆောက်ခြင်းဖြစ်ပြီး နောင်တွင် ဆက်လက်၍ ဘိုးဘွားဦးရေတိုးလာပါက အဆင်ပြေစေရန် ဘိုးဘွားရိပ်သာ၏ ဝဲဘက်ရှိ ပေ (၃၀×၁၅၀) ရှိ မြေနေရာကို ကြိုတင်ဝယ်ယူထားရန် စီစဉ်နေခြင်းဖြစ်ကြောင်း၊ တိုးချဲ့ဆောင်သစ်နှင့် မြေနေရာအတွက် အလှူငွေများ လိုအပ်နေသဖြင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်များအနေဖြင့် စေတနာလူမှုကူညီရေးအသင်း ဖုန်း-၀၉-၇၉၄၁၄၁၂၃၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



ညောင်လေးပင်မြို့ စေတနာလူမှုကူညီရေးအသင်းကို ၂၀၀၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြို့နယ်အတွင်း နာရေးကူညီမှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့နောက်တွင် ဒေသခံပြည်သူများနှင့် အလှူရှင်များ၏ ထောက်ပံ့ အားပေးမှုများကြောင့် နာရေးကူညီမှုအပြင် ညောင်လေးပင်မြို့ ဈေးအတွင်း၌ စေတနာကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်နိုင်ခဲ့ကာ ယခုအချိန်အထိ လူနာ လေးသောင်းနီးပါးကို ကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် အရေးပေါ်ဆေးကုသရန်လိုအပ်သူများအား ပို့ဆောင်ပေးရန် လူနာတင်ယာဉ်သုံးစီးကိုလည်းထားရှိပြီး လူနာ ၁၀၀၀ ကျော်ကို အခမဲ့ပို့ဆောင်ကူညီပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့နောက်တွင် ဘိုးဘွားရိပ်သာကို ဆက်လက်ဖွင့်လှစ်ပြီး ဘိုးဘွားများအား စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ သစ်ဆပ်ပင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် မီးရရှိရေးအတွက် ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို အောက်တိုဘာ ၁၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာခြောက်ရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် Seebest Myanmar ကုမ္ပဏီမှ တင်ဒါရရှိခဲ့ပြီး စက်တင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ထန်းတောရိုးကျေးရွာတွင် အိမ်ခြေ ၆၀၊ လင်းယောစမ်းကျေးရွာတွင် အိမ်ခြေ ၁၁၀၊ ဂုံတောကျေးရွာတွင် ၄၂ အိမ်၊ ဖုံသာရွာသစ်ကျေးရွာတွင် ၅၇ အိမ်နှင့် သစ်တိန်းကျေးရွာတွင် ၁၁၇ အိမ်အတွက် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု သစ်ဆပ်ပင်ကျေးရွာတွင် ၁၂၄ အိမ်အတွက် ဆက်လက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းက မြို့ပြနှင့်ကျေးလက်တောရွာများ ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး Seebest Myanmar ကုမ္ပဏီမှ တာဝန်ရှိသူက ဆိုလာပြားများ တတ်ဆင်သုံးစွဲမှုနည်းပညာနှင့်ပတ်သက်၍လည်းကောင်း၊ ဆက်စပ်ပစ္စည်းများနှင့်ပတ်သက်၍လည်းကောင်း၊ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာပြည်သူများထံ ပေးအပ်ကာ ကုမ္ပဏီတာဝန်ရှိသူများက ဆိုလာပြားများကို အိမ်တိုင်ရာရောက် တပ်ဆင်ပေးပြီး အသုံးပြုမှုများကိုလည်း လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **နေအောင်(iprd)**



## လူမှုစီးပွားတိုးတက်စေသော မြစိမ်းရောင်ကျေးရွာစီမံကိန်း

ကျွန်မတို့ မြန်မာနိုင်ငံသည် စက်မှုနိုင်ငံအဖြစ် ထူထောင်နေသော်လည်း စိုက်ပျိုးရေးကို အခြေပြုလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိပြီး လယ်ယာကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်နေကြသူများဖြစ်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပိုင်းအသိပညာများရရှိစေရန် လိုအပ်သကဲ့သို့ မိသားစုစီးပွားရေးပြေလည်ရန်လည်း အလွန်အရေးကြီးပါသည်။

ကျေးလက်နေပြည်သူများ၏ စီးပွားရေးခိုင်မာစေရန်နှင့် မိသားစုစီးပွားရေး ပြေလည်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၁၃၄ ရွာတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်နေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုနိုင်ခဲ့သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၂၆၀ ၌ ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

**ဆောင်ရွက်သည့် နည်းလမ်း**

မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်မည့်ကျေးရွာသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ကို နိုင်ငံတော်ဘတ်ဂျက်မှ မတည်ပေးပါသည်။ လည်ပတ်ရန်ပုံငွေမှ ကျေးလက်နေပြည်သူများအား ငွေချေးပေးပြီး အတိုးနှုန်းမှာ ငွေ ၁၀၀ လျှင် ပြား ၅၀ မှ ၁ ကျပ် ၅၀ပြား အတွင်း သင့်လျော်သော အတိုးနှုန်းများဖြင့် ထုတ်ချေးပေးပါသည်။ ချေးငွေကို ကျေးရွာနေပြည်သူများ၏ အများဆန္ဒမဲဖြင့် ရွေးချယ်ဖွဲ့စည်းထားသည့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီက သတ်မှတ်ပါသည်။

**အရင်းမပျောက် လည်ပတ်ရန်ပုံငွေ**

မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းသည် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေရရှိမှုတိုးတက်လာစေရန်အတွက် လူအများပါဝင်ဆုံးဖြတ်ချက်များဖြင့်ဆောင်ရွက်သော စနစ်ဖြစ်ပါသည်။ ငွေချေးရာတွင် မည်သည့်ပိုင်ဆိုင်မှု အထောက်အထားမှမလိုဘဲ ကော်မတီမှ သတ်မှတ်ပေးသည့် ငွေချေးလျှောက်လွှာတွင် ဖြည့်သွင်းလျှောက်ထား၍ကော်မတီမှ စုပေါင်းချမှတ်ထားသောစည်းကမ်းနှင့် ညီညွတ်သူများကို ချေးငွေအောင်သူအဖြစ်သတ်မှတ်ကာ ပွင့်လင်းမြင်သာစွာဖြင့် ငွေချေးပါသည်။

**အကျိုးကျေးဇူး**

မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထူထောင်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့၏ လုပ်ငန်းများအတွက် ရင်းနှီးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိသောကြောင့် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ခြင်း၊ ထိုမှတစ်ဆင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာနိုင်ခြင်း၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြင့်မားလာခြင်းနှင့် ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

**ဆောင်းပါး–အေးအေးကြူ(ကျေးလက်ဦးစီး)**

## သတင်းတို

### အကောက်ခွန်မဲ့စားသောက်ကုန်များမီးရှို့ဖျက်စီး

နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အခြေပြုသည့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးမိုဘိုင်းအဖွဲ့က ဖမ်းဆီးရမိထားသည့် ပဲမှုန့်၊ ပီကေထုပ်များ၊ အချိုရည်ဘူးများစသည့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းများကို မိုဘိုင်းအဖွဲ့ညွှန်မှူး ဦးအောင်သူ ဦးဆောင်သည့်အဖွဲ့က အောက်တိုဘာ ၁၆ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **စိုးဝင်း**

# မြန်မာစကား- မြန်မာစာ အပြန်အလှန်ဆက်သွယ်မှု (၂)

မောင်ခင်မင်
(ဓနုဖြူ)

“ဒါဆိုရင် မြန်မာစကားနဲ့ မျိုးရိုးချင်းတူတဲ့ ဘာသာစကားတွေရှိမှာပေါ့နော် ဆရာကြီး”

“ ရှိတာပေါ့ကွယ်။ ပြည်တွင်းမှာရော ပြည်ပမှာရော ရှိတာပေါ့။ မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားဘာသာစကား အများစုဟာ မြန်မာစကားနဲ့ မျိုးတူနွယ်တူတွေပေါ့။ သားတို့ သမီးတို့ စိတ်ဝင်စားရင် သပ်သပ်ပြောကြသေးတာပေါ့။ ခုတော့ပြောလက်စ မြန်မာစကားနဲ့ မြန်မာစာအကြောင်း ဆက်ကြရအောင်”

“ဟုတ်ကဲ့၊ သိချင်ပါတယ်ဆရာကြီး”

“အင်း . . မြန်မာစာအရေးအသားဆင်းသက်လာပုံကို သားတို့ သမီးတို့ လေ့လာခဲ့ဖူးမှာပေါ့”

“ဟုတ်ကဲ့၊ မြန်မာစာအရေးအသားဟာ အိန္ဒိယနိုင်ငံမှာပေါ်တဲ့ ဗြာဟ္မီအက္ခရာက ဆင်းသက်လာတယ်လို့ သိထားပါတယ် ဆရာကြီး”

“ဟုတ်ပါတယ်။ အဲဒီဗြာဟ္မီ (Barhmi )ဆိုတဲ့ အက္ခရာဟာ အိန္ဒိယနိုင်ငံမှာ ဘီစီ ၅၀၀ လောက်ကနေပြီး အေဒီ ၃၀၀ ကျော်အထိ ထွန်းကားတဲ့အက္ခရာပဲ။ အဲဒီအက္ခရာဟာ အေဒီ ၁ ရာစုကစပြီး အရှေ့တောင်အာရှနိုင်ငံတွေကိုရောက်လာတဲ့ အထောက်အထားတွေရှိတယ်”

“ ဘယ်လိုရောက်လာတာပါလဲ ဆရာကြီး”

“ အင်း . . ‘ရွှေနဲ့ မုတ်သုံအကြောင်းဆုံပြီး ရောက်လာတယ်’ လို့ တင်စားပြောရလေမလားမသိဘူး”

“အဲဒါ . . . ဘာဆိုလိုတာပါလဲ ဆရာကြီး”

“ဂျော့စေးဒီးစ်ဆိုတဲ့ ကမ္ဘာကျော်ပညာရှင်တစ်ယောက်ရေးတဲ့ ‘ The Indinized Nation in South East Asia’ ဆိုတဲ့ စာအုပ်တစ်အုပ်ရှိတယ်ကွဲ့။ အရှေ့တောင်အာရှက အိန္ဒိယယဉ်ကျေးမှု ဩဇာလွှမ်းမိုးတဲ့ နိုင်ငံတွေအကြောင်း ရေးထားတယ်လေ”

“ဟုတ်ကဲ့ပါ ”

“ အိန္ဒိယနိုင်ငံသားတွေဟာ အရှေ့တောင်အာရှက ‘သုဝဏ္ဏဘူမိ’ တို့ ‘သုဝဏ္ဏဒီပ’ တို့ ‘ကနကပူရီ’ တို့ဆိုတဲ့ နိုင်ငံတွေဟာ ရွှေမြေ ရွှေနိုင်ငံဆိုတဲ့အဓိပ္ပာယ်ရတဲ့အတွက် အဲဒီနိုင်ငံတွေကိုသွားဖို့ အရင်ကတည်းက စိတ်ဝင်စားကြတယ်။ ‘ရွှေ’ ဆိုတဲ့စကားဟာ သူတို့ကို ဆွဲဆောင်တာပေါ့။ တစ်ခါ မုတ်သုံလေကြောင်းကလည်းသင့်နေလို့ ခရစ်နှစ်အစောပိုင်းလောက်မှာ အိန္ဒိယနိုင်ငံသားတွေဟာ လူသုံးလေးရာဆံ့တဲ့ ရွက်သင်္ဘောကြီးတွေ တည်ဆောက်တဲ့ အတတ်ပညာလည်း တတ်လာကြတာနဲ့ အရှေ့တောင်အာရှကို ရွက်လွှင့်လာကြတယ်။ ဒါကြောင့် ရွှေနဲ့ မုတ်သုံအကြောင်းဆုံလို့ ရောက်လာကြတယ်လို့ ပြောတာပါ”

“သြော် . . . ဟုတ်ကဲ့ပါ”

“လူမျိုးနဲ့အတူ ဟိန္ဒူဗြာဟ္မဏဘာသာ၊ ဗုဒ္ဓဘာသာဆိုတဲ့ အယူအဆတွေ၊ ပြီးတော့ ဓမ္မသတ်တွေ၊ နီတိကျမ်းတွေစတဲ့ ယဉ်ကျေးမှုတွေ၊ ရာမာယဏလည်းပါတယ်၊ ပြီးတော့ ဗြာဟ္မီအက္ခရာပေါ့။ အဲဒီယဉ်ကျေးမှုတွေဟာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေကို ပျံ့နှံ့လာတာပေါ့ကွယ်”

“အဲဒီဗြာဟ္မီအက္ခရာကနေပြီး မြန်မာစာဖြစ်လာတာပါလား ဆရာကြီး”

“ဒီလိုကွဲ့။ ဗြာဟ္မီအက္ခရာကနေ ပွားလာတဲ့အက္ခရာတွေ တော်တော်များများရှိတယ်။ မြန်မာနိုင်ငံမှာ မြန်မာစာမပေါ်ခင် ရှိနေတဲ့ ပျူအက္ခရာ၊ မွန်အက္ခရာတွေဟာ အဲဒီဗြာဟ္မီအက္ခရာပွားတွေက ဆင်းသက်တယ်လို့ ဆိုကြတယ်။ ပျူအက္ခရာက ကဒမ္ဗဆိုတဲ့ အက္ခရာက ဆင်းသက်ပြီး မွန်အက္ခရာကတော့ ပလ္လဝဆိုတဲ့အက္ခရာက ဆင်းသက်တယ်လို့ ပညာရှင်တွေက ဆိုကြတယ်”

“ဟုတ်ကဲ့ပါ”

“အဲဒီပလ္လဝအက္ခရာလို့ခေါ်တဲ့ ဗြာဟ္မီအက္ခရာများကို အခြေခံပြီး မွန်လူမျိုးတွေက အရေးအသားတီထွင်ကြတယ်။ မွန်အက္ခရာပေါ်ပေါက်လာတာပေါ့။ ၁၁-၁၂ ရာစုကျတော့ ပုဂံကို ထေရဝါဒဗုဒ္ဓသာသနာနဲ့အတူ သထုံက ပိဋကတ်တော်တွေရောက်လာပြီး အဲဒီမွန်အက္ခရာတွေကို အခြေခံထားပြီး မြန်မာအက္ခရာ၊ မြန်မာစာတီထွင်ကြတာပေါ့ကွယ်။ ဒီတော့ အချုပ်ပြောရရင် ဗြာဟ္မီအက္ခရာကိုအခြေခံပြီး မွန်တွေဆီကတစ်ဆင့် မြန်မာအက္ခရာ ပေါ်ပေါက်လာတယ်လို့ ဆိုရမှာပေါ့ကွယ်”

“ပါဠိစာအရေးအသားနဲ့လည်း ဆိုင်တယ်လို့ကြားဖူးပါတယ် ဆရာကြီး”

“မွန်တွေဆီက ရောက်လာတဲ့ ပိဋကတ်တော်တွေက ပါဠိဘာသာနဲ့ ရေးထားတာလေ။ အက္ခရာကတော့ မွန်အက္ခရာပဲပေါ့။ ပါဠိဘာသာစကားရှိပေမယ့် ရေးတာက မွန်အက္ခရာနဲ့ ရေးတာလေ။ မြန်မာအက္ခရာတီထွင်တော့လည်း အဲဒီပါဠိပိဋကတ်တော်တွေကိုပါ ရေးလို့ရအောင် တီထွင်ထားတာပေါ့ကွယ်။ ဒါကြောင့် ပါဠိစကားကိုလည်း ဒီအက္ခရာနဲ့ ရေးလို့ရတာပေါ့”

“မှတ်သားထားပါ့မယ် ဆရာကြီး”

“မြန်မာအက္ခရာဟာ မွန်အက္ခရာကို အခြေခံပြီးတီထွင်ထားကြောင်း ထင်ရှားတဲ့သာဓကရှိပါတယ်။ ခုအထိ တွေ့ရသမျှ သက္ကရာဇ်အခိုင်အမာပါတဲ့ အစောဆုံးမြန်မာစာလို့ သတ်မှတ်ကြတဲ့စာကို သားတို့ သမီးတို့ သိကြမှာပေါ့”

> **တချို့ကျောက်စာတွေက မြစေတီကျောက်စာထက် စောတယ်လို့ ယူဆနိုင်တဲ့အကြောင်းတွေရှိတယ်။ ဒါပေမယ့် သက္ကရာဇ်မပါတော့ အခိုင်အမာပြောဖို့ခက်တယ်။ သက္ကရာဇ်ပါတဲ့ကျောက်စာကျတော့လည်း မူလကတည်းက ထိုးတာမဟုတ်ဘဲ နောက်မှထိုးတာလို့ သံသယရှိစရာကောင်းတဲ့အချက်တွေ ရှိနေတယ်။ လက်ရေးလက်သားက ထိုးတဲ့အချိန်ထက် နောက်ကျတဲ့ခေတ်က လက်ရေးမျိုး ဖြစ်နေတာတို့ ဘာတို့ပေါ့။ အဲ . . .မြစေတီကျောက်စာထက် စောတယ်လို့ အခိုင်အမာပြောနိုင်တဲ့ မြန်မာစာအရေးအသားနှစ်ခုတော့ရှိတယ်ကွဲ့ . . .**

“မြစေတီကျောက်စာပါ ဆရာကြီး။ ရာဇကုမာရ်ကျောက်စာလို့လည်း ခေါ်ပါတယ်”

“ အေး . . . အဲဒီမြစေတီကျောက်စာမှာ အကြောင်းအရာတစ်မျိုးတည်းကို ဘာသာစကားလေးမျိုးနဲ့ ရေးထိုးထားတယ်မဟုတ်လား”

“ဟုတ်ပါတယ်။ ပျူ မွန်၊ ပါဠိ၊ မြန်မာပါ ဆရာကြီး”

“ကျောက်စာမူရင်းကို သားတို့ သမီးတို့ ပုဂံသွားပြီး လေ့လာဖူးမယ်ထင်တယ်။ မူရင်းမဟုတ်တောင် မူရင်းကျောက်စာကို မိုင်းကိုင်စက္ကူနဲ့ကူးထားတာ၊ ဓာတ်ပုံရိုက်ထားတာတွေ လေ့လာဖူးမှာပါ”

“လေ့လာဖူးပါတယ်”

“အေး. . . အဲဒီမှာ ဘာသာစကားက လေးမျိုးပေမယ့် အက္ခရာက နှစ်မျိုးပဲပါတယ်။ ပျူက အက္ခရာတစ်မျိုး၊ ပါဠိ၊ မွန်၊ မြန်မာက အက္ခရာတစ်မျိုးမဟုတ်လား။ အဲဒီမှာကြည့်ရင် မွန်နဲ့ မြန်မာက အက္ခရာချင်းရော၊ ဗျည်း၊ သရ၊ အသတ်စနစ်တွေရော အတူတူပဲမဟုတ်လား”

“ဟုတ်ပါတယ်ဆရာကြီး”

“အဲဒါ. . . အထင်ရှားဆုံး သက်သေပေါ့ကွယ်။ ပညာရှင်အများစုကလည်း ဒီလိုပဲ ယူဆပါတယ်။ မွန်အက္ခရာတွေကို မြန်မာဘာသာစကားရဲ့ အသံတွေနဲ့ ကိုက်အောင် ညှိနှိုင်းပြီး မြန်မာအက္ခရာတီထွင်လိုက်တာလို့ ဆိုရမှာပေါ့ကွယ် ”

“ဆရာကြီး၊ မြစေတီကျောက်စာထက်စောတဲ့ မြန်မာစာတွေရှိတယ်ဆိုတာ ဟုတ်ပါသလား”

“ဟုတ်ပါတယ်။ တချို့ကျောက်စာတွေက မြစေတီ ကျောက်စာထက်စောတယ်လို့ ယူဆနိုင်တဲ့အကြောင်းတွေရှိတယ်။ ဒါပေမယ့် သက္ကရာဇ်မပါတော့ အခိုင်အမာပြောဖို့ခက်တယ်။ သက္ကရာဇ်ပါတဲ့ကျောက်စာကျတော့လည်း မူလကတည်းက ထိုးတာမဟုတ်ဘဲ နောက်မှထိုးတာလို့ သံသယရှိစရာကောင်းတဲ့အချက်တွေရှိနေတယ်။ လက်ရေးလက်သားကထိုးတဲ့အချိန်ထက် နောက်ကျတဲ့ခေတ်က လက်ရေးမျိုးဖြစ်နေတာတို့ ဘာတို့ပေါ့။ အဲ. . . မြစေတီကျောက်စာထက်စောတယ်လို့ အခိုင်အမာပြောနိုင်တဲ့မြန်မာစာအရေးအသားနှစ်ခုတော့ရှိတယ်ကွဲ့”

“ပြောပြပါ ဆရာကြီး”

“စာအများကြီးတော့မဟုတ်ဘူး။ တစ်ခုက ကျန်စစ်သားမင်းလက်ထက်မှာ မွန်ဘာသာနဲ့ရေးထိုးတဲ့ မြကန်ကျောက်စာမှာ မြကန်ရဲ့နာမည်ကို မြန်မာလိုညှပ်ရေးထားတယ်”

“သြော်. . . ကျွန်တော်သိပါတယ်ဆရာကြီး။ ‘မဟာနိဗ္ဗာန်လက်ဆွဲချီရေ’လို့ ရေးထားတာ မဟုတ်လား”

“အေး. . . သားတို့ သင်ရမှာပေါ့။ မူလအရေးအသားအတိုင်း မရေးရင်တော့ ‘မဟာနိဗ္ဗာန် လက်ဆုယ်ခိရိယ်’ လို့ရေးတယ်မဟုတ်လား။ (စာရွက်မှာရေးပြလိုက်ပါသည်။)

“ဟုတ်ပါတယ်ဆရာကြီး”

“မြကန်ကျောက်စာက ကျန်စစ်သားလက်ထက်ထိုးတာဆိုတော့ ကျန်စစ်သားနတ်ရွာစံပြီးမှထိုးတဲ့ မြစေတီကျောက်စာထက်စောတာ သေချာတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ။ နောက်မြန်မာစာအရေးအသားတစ်ခုဆိုတာကရော ဆရာကြီး”

“ဒါက. . . မကြာခင်ကမှတွေ့တဲ့ စောလူးမင်းကောင်းမှု မြစ်သားကျောက်စာထဲမှာ တွေ့တာလေ။ တစ်ချပ်လုံး မွန်လိုရေးထားတဲ့ အဲဒီကျောက်စာထဲမှာ အရပ်ဒေသနာမည်ကို ‘မ္လစ်သာ’ လို့ မြန်မာစာတစ်လုံးတည်း ညှပ်ရေးထားတယ်ကွဲ့။ ‘မြစ်သား’ ပေါ့”

“အဲဒီကျောက်စာအကြောင်း သတင်းစာထဲမှာ တွေ့လိုက်ရပါတယ်။ မြန်မာစာလုံးပါတာတော့ သတိမထားမိပါဘူး ဆရာကြီး”

“ဆရာဖတ်ကြည့်ပြီးပါပြီ။ မြန်မာစာလုံးတစ်လုံးတည်းပေမယ့် စောလူးမင်းလက်ထက်ရေးတာဆိုတော့ ခုတွေ့သမျှ အစောဆုံး မြန်မာစာလို့ဆိုနိုင်တာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ”

“မှန်းကြည့်ရရင် ပုဂံ အနော်ရထာမင်းလက်ထက် ပိဋကတ်တော်တွေရောက်လာပြီးတဲ့နောက် မြန်မာစာတီထွင်တာမို့ အနော်ရထာမင်းလက်ထက်မှာပဲ မြန်မာစာအရေးအသားစနစ်တကျပေါ်နေပြီလို့ ယူဆနိုင်တာပေါ့ကွယ်။ အထောက်အထားများများတော့ မတွေ့သေးဘူးပေါ့။ နောက်တွေ့လာနိုင်တာပေါ့”

“ဟုတ်ပါတယ် ဆရာကြီး။ မြန်မာစကား မြန်မာစာအကြောင်း အခြေအမြစ်ကစပြီး သေသေချာချာသိရလို့ အများကြီး ကျေးဇူးတင်ပါတယ်ဆရာကြီး”

“ဒီလိုဆိုရင် မြန်မာစကားနဲ့ မြန်မာစာ ဘယ်ဟာက အရင်းခံကျတယ်ဆိုတာ ထင်ရှားလောက်ပြီပေါ့”

“ဟုတ်ကဲ့၊ မြန်မာစကားက မြန်မာစာထက် အရင်ပေါ်တာမို့အရင်းခံကျတယ်ဆိုတာ ထင်ရှားပါတယ်ဆရာကြီး”

“ဒါပေမယ့် စာက ဘာသာတရားကစပြီး အသိပညာ အတတ်ပညာတွေကို ရေးသားထားတာဆိုတော့ လူအများစုက စာကိုစကားထက်ပိုပြီးအလေးထားတတ်ကြတာပေါ့ကွယ်။ စကားကတော့ ပါးစပ်ကနေ့တိုင်းပြောနေတာမို့ စာလောက်အရေးမပါဘူးလို့ ထင်တတ်ကြတယ်လေ”

“ဟုတ်ကဲ့ပါ”

“ကဲ. . . သာဓက တစ်ခုထပ်ကြည့်ရအောင်။ မြန်မာစကားသင်ဖို့အတွက် မြန်မာစာကို အရင်တတ်ထားဖို့ လိုသလား။ ဘယ်လိုထင်သလဲကွယ်”

“မြန်မာစာမတတ်လည်း မြန်မာစကားတတ်အောင်သင်လို့ရပါတယ် ဆရာကြီး။ မြန်မာစာအရင်တတ်ထားဖို့ မလိုပါဘူး”

“ဟုတ်ပြီ။ ကဲ. . . ဒါဆိုရင် မြန်မာစကားမတတ်ဘဲ မြန်မာစာသင်လို့ရသလား”

“မရပါဘူး ဆရာကြီး။ မြန်မာစာသင်မယ်ဆိုရင် မြန်မာစကားအရင်တတ်ထားမှ မြန်မာစာသင်လို့ဖြစ်ပါလိမ့်မယ်”

“ဒါဆိုရင် စကားနဲ့စာ၊ အဲ. . . မြန်မာစကားနဲ့ မြန်မာစာမှာ မြန်မာစကားက အရင်းခံဖြစ်တယ်ဆိုတာ ရှင်းလောက်ပါပြီကွယ်။ ဒီတော့ မြန်မာစကားနဲ့ မြန်မာစာဘယ်လိုအပြန်အလှန်ဆက်သွယ်တယ်ဆိုတာ ဆက်ပြောကြသေးတာပေါ့”

“ကျေးဇူးတင်ပါတယ်ဆရာကြီး”

## ယာဉ်မတော်တဆမှုကင်းရှင်းရေး ပညာပေး

**သီပေါ အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောက်မဲခရိုင် အမှတ်(၁၂၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းလှုပ်ရှားမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သီပေါမြို့ရှိ လူစည်ကားသော မီးပွိုင့်၊ လမ်းဆုံနေရာများနှင့် ဈေးပတ်လမ်းတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မော်တော်ယာဉ်ဥပဒေပါ ပြဋ္ဌာန်းချက်များအကြောင်း ရှင်းလင်းဆွေးနွေးခြင်းတို့ကို အောက်တိုဘာ ၁၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**ဒီးမော့ဆို အောက်တိုဘာ ၁၈**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် 3MDG တို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက် ကလေးများ သေဆုံးမှုနှုန်းလျှော့ချရေး၊ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးပွားလာရေးအတွက် အသိပညာပေးဟောပြောပွဲကို ကယားပြည်နယ် ဒီးမော့ဆို မြို့နယ် ခူးပရားကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ၌ အောက်တိုဘာ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးတာဝန်ခံ ဦးဝင်းမြင့်ဦးက 3MDG မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး လိုဘာခိုတိုက်နယ်ဆေးရုံမှ အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်ဘူးမြာက သားဆက်ခြားနည်းအသိပညာများ၊ သားဖွားဆရာမဒေါ်ထူးအယ်ဂျိုးက အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာများ အကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဒေသခံပြည်သူများအား ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### ဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၁ ခုမှ ကျေးရွာပေါင်း ၂၃၂ ရွာ၌ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်က ကျွဲအိုရိုးကျေးရွာမှ အိမ်ထောင်စု ၂၆ စုအတွက် ဆိုလာ ၂၆ စုံကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

# ပျားနို့ထုတ်လုပ်ခြင်း အဆင့်မြင့်သင်တန်းဖွင့်၊ ပျားလုပ်ငန်းရှင်များ သင်တန်းတက်ရောက်

စီးပွားဖြစ်ကဏ္ဍများတွင် အသုံးပြုလျက်ရှိရာ ဆေးဝါးပစ္စည်းထုတ်လုပ်ရေးမှသည် စားသောက်ကုန်ပစ္စည်းထုတ်လုပ်သည့် အဆင့်မှကျော်လွန်ကာ အလှကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုနေကြပြီဖြစ်သော ပျားနို့ထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် အဆင့်မြင့် နည်းပညာပေးသင်တန်းကို အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့က မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ ကျင်းပသည်။ ပျားနို့ထုတ်လုပ်ခြင်းနှင့်ပတ်သက်သည့် အဆင့်မြင့်နည်းပညာပေးသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး စသည်တို့မှ ပျားလုပ်ငန်းဌာနနှင့် ပုဂ္ဂလိက ပျားလုပ်ငန်းရှင် စုစုပေါင်း ၆၇ ဦးတက်ရောက် သင်ကြားကာ ထိုင်းနိုင်ငံမှ တစ်ဦးနှင့် နီပေါနိုင်ငံမှ နှစ်ဦး စုစုပေါင်းပျားနှင့် ပျားထွက်ပစ္စည်းပညာရှင် သုံးဦးတို့က နှစ်ရက်တာအတွင်း စာတွေ့လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

"ဇီဝဂုဏ်သတ္တိပြည့်စုံတဲ့ ပျားနို့ဟာ အခုချိန်မှာ စီးပွားဖြစ်ကဏ္ဍတွင် အရေးပါနေ၊ အသုံးပြုနေတဲ့အတွက် ဆေးဝါးပစ္စည်းထုတ်တာကနေ စားသောက်ကုန်ထုတ်တဲ့အဆင့် ကျော်လွန်ပြီး အလှကုန်ပစ္စည်းထုတ်လုပ်တဲ့အထိ သုံးနေပါပြီ။ အဲဒီလို အသုံးပြုလာတဲ့အတွက် ပျားနို့တွေကို အရည်အသွေးရော အရေအတွက်ကိုပါ သုတေသနပြုဖို့ ဖြစ်လာရပြီး ပါဝင်တဲ့ ဒြပ်ပစ္စည်းတွေကို ဆန်းစစ်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် စီးပွားဖြစ်ရောင်းချနေတဲ့ ပျားနို့အပါအဝင် ပစ္စည်းတွေကို သေသေချာချာ ခွဲခြမ်းစိတ်ဖြာစစ်ဆေးမှသာ ပါဝင်တဲ့ပျားနို့ စစ်မစစ် ရောနှောပေါင်းစပ်ထားတဲ့ပစ္စည်းနဲ့ အတုလုပ်ခဲ့ရင်လည်း ပေါ်လာမှာပါ။ ဒါတွေကို ပျားလုပ်ငန်းဌာနနဲ့ ပုဂ္ဂလိက ပျားလုပ်ငန်းရှင်တွေသိမှသာ လုပ်ငန်းအရှိန် ဒ့ီထက်ကောင်းစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပျားနို့ထုတ်လုပ်မှု အဆင့်မြင့်သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမမှာ ပြုလုပ်တာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်က တစ်ကြိမ်နဲ့ဆို နှစ်ကြိမ်ရှိပါပြီ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနဦးစီးမှူးက ပြောပြသည်။

မကြာမီက ပျားနို့နှင့် ပျားရည်တွင်ပဋိဇီဝဓာတ်များပါဝင်နေခြင်း ပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ကြောင်း ပျားရည်တွင်ရှိသော အနည်များကို လေ့လာခဲ့ကြသော်လည်း ပျားအုံတွင်း အသုံးပြုသော ပဋိဇီဝဆေးများသည် ပျားနို့ထဲရောက်ရှိသွားနိုင်ကြောင်း မန္တလေးမှပျားလုပ်ငန်းဌာန ပျားနို့ထုတ်လုပ်ရေးသင်တန်း မှတ်စုပြုစုသူထံမှ သိရသည်။

ပျားနို့သည် အဖြူရောင်ပစ္စည်းတစ်မျိုးဖြစ်ပြီး ပျော့အိနူးညံ့သည့် ပုံသဏ္ဍာန်ဖြစ်ကာ ပုံစံတူများမရှိဘဲ မပျော်ဝင်နိုင်သည့် အခဲလေးများမှာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပါဝင်နေကြောင်း သိရသည်။ ရေတွင် တချို့တစ်ဝက်ပျော်ဝင်နိုင်ပြီး အက်စစ်ဓာတ်ပါဝင်မှု မြင့်မားကြောင်း ပျားနို့တွင် ပရိုတင်း၊ ကာဘွန်ဟိုက်ဒရိတ်နှင့် လစ်ပစ်တို့ အဓိကပါဝင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကလေးဒေသ ပြန်လည်ထူထောင်ရေးအတွက် သီးနှံမျိုးစေ့များ ကျေးရွာအရောက်ထောက်ပံ့

**ကလေး အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ၌ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်းသီးနှံမျိုးစေ့များကို တောင်သူများထံသို့ ကျေးရွာအရောက် ဖြန့်ဖြူးထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၆ ရက်က နန်းစောင်းပု၊ ကျီကုန်း၊ နတ်ကြီးကုန်း (ပျဉ်း)ကျေးရွာအုပ်စုနှင့် မြို့လှရပ်ကွက်များမှ တောင်သူလယ်သမားများထံသို့ နေကြာ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် စားတော်ပဲ စသည့် သီးနှံမျိုးများကို ဖြန့်ဖြူးထောက်ပံ့ခဲ့သည်။ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် မျိုးဖြန့်ဖြူးရေးအဖွဲ့ဝင်များက တောင်သူများရှိရာ ကျေးရွာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကလေးဒေသအတွင်းမှ ပျက်စီးခဲ့သောလယ်ယာမြေများတွင် အစားထိုးစိုက်ပျိုးရန် သီးနှံမျိုးစေ့များ ထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၁၆ ရက်အထိ လယ်မြေဧက ၃၁၀၀ ကျော်အတွက် သီးနှံမျိုးစေ့များထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသောကျေးရွာများရှိ တောင်သူများထံသို့လည်း သီးနှံမျိုးစေ့များကို ကျေးရွာအရောက် ဆက်လက်ဖြန့်ဖြူးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင် (ကလေး)**



# မြို့နယ်ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**ရပ်စောက် အောက်တိုဘာ ၁၈**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ အေးချမ်းစွာ မဲဆွယ်စည်းရုံးခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရပ်စောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာထွန်းအေးက မိမိတို့ မြို့နယ်အတွင်း နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ မဖြစ်ပေါ်စေရန် နိုင်ငံရေးပါတီအားလုံးအနေဖြင့် သဘောတူလက်မှတ်ရေးထိုးထားသော နိုင်ငံရေးပါတီများကျင့်ဝတ်များကို ပါတီကိုယ်စားလှယ်လောင်းများအပြင် ပါတီဝင်များအားလုံးက လိုက်နာဆောင်ရွက်ကြရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်သည့် နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆန္ဒမဲပေးနည်းအဆင့်ဆင့် လက်တွေ့သရုပ်ပြပွဲ ဟိုပန်၌ပြုလုပ်

**ဟိုပန် အောက်တိုဘာ ၁၈**

နိုဝင်ဘာလ ၈ ရက်တွင်ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် စနစ်တကျမှန်ကန်စွာ မဲပေးနိုင်ရန်ရည်ရွယ်၍ ဆန္ဒမဲပေးနည်းအဆင့်ဆင့်သရုပ်ပြပွဲကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ အောက်တိုဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

မဲပေးမှုသရုပ်ပြပွဲတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထိုက်က မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များအကြောင်းကိုလည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးရာတွင် ဆောင်ရွက်ရမည့် မဲပေးနည်းအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြသသည်။

ထို့နောက် ဒေသခံပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများက မဲပေးနည်းအဆင့်ဆင့်ကို ကူညီသရုပ်ပြခဲ့သည်။ မဲပေးနည်းလက်တွေ့ သရုပ်ပြပွဲသို့ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ဝိတ်တန်းအလိုက် ဗိုလ်လုပွဲများယှဉ်ပြိုင်ကြရာ အမျိုးသမီး ၄၂ ကီလိုတန်းတွင် မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်၊ ၄၅ ကီလိုတန်းတွင် ပုလောမြို့နယ်နှင့် မြိတ်မြို့နယ်၊ ၄၈ ကီလိုတန်းတွင် ထားဝယ်မြို့နယ်နှင့် ပုလောမြို့နယ်၊ ၅၁ ကီလိုတန်းတွင် ပုလောမြို့နယ်နှင့် သရက်ချောင်းမြို့နယ်၊ ၅၄ ကီလိုတန်းတွင် ထားဝယ်မြို့နယ်နှင့် လောင်းလုံးမြို့နယ်၊ ၅၇ ကီလိုတန်းတွင် ကျွန်းစုမြို့နယ်နှင့် ထားဝယ်မြို့နယ်၊ ၆၀ ကီလိုတန်းတွင် တနင်္သာရီမြို့နယ်နှင့် မြိတ်မြို့နယ်တို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တံခွန်စိုက်ဆုဖလားရရှိသည့် ပုလောမြို့နယ်သို့ ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မြောင်းမြ ရွှေသာလျောင်းဘုရားကြီး နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပမည်

**မြောင်းမြ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၏ ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ရွှေသာလျောင်းဘုရားကြီး နှစ်(၁၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ၁၀ ရက်တိုင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက်မှစတင်ကာ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများဖြင့် စတင်ဖွင့်လှစ်မည့် အဆိုပါ နှစ်(၁၀၀)ပြည့် ပူဇော်ပွဲတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီးအပါအဝင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များမှ ဆရာတော်ကြီးများက ညစဉ် အထူးတရားပွဲများကို အောက်တိုဘာ ၂၉ ရက်အထိ ဟောကြားသွားမည် ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၆ ရက်တွင် ရွှေသာလျောင်းဘုရားကြီး နှစ်(၁၀၀) ပြည့် ပတ္တမြားရတု ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်ဖွင့်ပွဲကို မြို့ပေါ်ရှိ သံဃာတော်အပါး ၁၀၀ အား ပင့်ဆောင်ပူဇော်ခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း ၊ မဟာဒုက်ဘုရားမဲများ ဖောက်ပေးခြင်းစသည့် အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၂၈ ရက်တွင် ရွှေသာလျောင်းဘုရားကြီး၌ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ အပူဇော်ခံလှည့်လည်ပွဲများကျင်းပပြီး ပွဲတော်နောက်ဆုံးရက်တွင် ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအဖြစ် အငြိမ့်ပွဲ၊ ဇာတ်ပွဲများဖြင့် အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

မြောင်းမြမြို့ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကို မြောင်းမြမြို့သူ မြို့သားများက ၁၉၁၅ ခုနှစ်တွင် စတင်တည်ထားပူဇော်ခဲ့ကြပြီး ယခု ၂၀၁၅ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်ကာ စတင်တည်ထားကိုးကွယ်လှူဒါန်းစဉ်က ကျပ် ၂၅၀၀ ကုန်ကျကြောင်း ဘုရားကြီးတွင်ရေးထိုးထားသော ကမ္ပည်းမှတ်တမ်းများအရ သိရသည်။

**အောင်မင်း (ပြန်/ဆက်)**



# သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းသစ်တူးဖော်ပြီးစီး

**မကွေး အောက်တိုဘာ ၁၈**

မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာ၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ် ၁၈၉ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ အောက်တိုဘာ ၁၄ ရက်တွင် ပြီးစီးခဲ့ပြီး သောက်သုံးရေလုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် လေးလက်မစက်ရေတွင်းအပြင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်၊ ရေစက်ရုံတစ်ရုံနှင့် အင်ဂျင်နှင့် ရေတင်စက်များ တပ်ဆင်ခြင်းပါ ပါဝင်ကြောင်း သိရသည်။ သစ်ရာကောက်ကျေးရွာသည် အိမ်ခြေ ၆၀၀ နီးပါးရှိပြီး လူဦးရေ ၂၀၀၀ ကျော်ရှိကာ ၁၉၈၀ ခုနှစ်က တူးဖော်ခဲ့သည့် စက်ရေတွင်းတစ်တွင်းရှိသော်လည်း ပျက်စီးနေ၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် စက်ရေတွင်းသစ်ကို တူးဖော်ခဲ့ခြင်းဖြစ်ပြီး တူးဖော်ပြီးစီးသည့် စက်ရေတွင်းသစ်မှာ တစ်နာရီလျှင် ဂါလန် ၁၈၀၀ ထွက်ရှိသဖြင့် ကျေးရွာအတွက် သောက်သုံးရေလုံလောက်စွာရရှိပြီဖြစ်ကြောင်း သိရသည်။

စက်ရေတွင်းသစ်ကို ဩဂုတ် ၂၃ ရက်က စတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်တွင် ပြီးစီးခဲ့ကာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်က အောက်တိုဘာ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကျော်ဇေယျ**

# ညောင်ပင်ကွင်းရွာ၌ ဖုန်းလိုင်းရသဖြင့် ဒေသခံများ အဆင်ပြေလျက်ရှိ

**တနင်္သာရီ အောက်တိုဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု ညောင်ပင်ကွင်းရွာ အမှတ်(၆)ကုန်းရှိ တာဝါတိုင်၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စက်တပ်ဆင်ထုတ်လွှင့်ပေးသဖြင့် ညောင်ပင်ကွင်းရွာနှင့် အခြားကျေးရွာများတွင် ဂျီအက်စ်အမ်ဖုန်းလိုင်းရရှိလာပြီး ဒေသခံတယ်လီဖုန်းသုံးစွဲသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ညောင်ပင်ကွင်းရွာ တာဝါတိုင်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ Huawei DCDU- 400 AS စက်အမျိုးအစားနှင့် Huawei BBU-3900 စက်များဖြင့် ဖုန်းလိုင်းသာမက 2G , 3G အင်တာနက်လိုင်းများကိုပါ သုံးစွဲ၍ရအောင် အောက်တိုဘာ ၇ ရက်မှ စတင်လွှင့်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ခုနစ်မိုင်မှ ရှစ်မိုင်ပတ်လည်အထိ လိုင်းမိကြောင်း MPT နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Amara Communications ကုမ္ပဏီမှ တနင်္သာရီတိုင်းဒေသကြီး ဒေသတာဝန်ခံ ဦးကျော်နိုင်ထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

# ပွဲကြီးပွဲကောင်းတွေပါဝင်မယ့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)



ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃)ကို အောက်တိုဘာ ၂၀ ရက်နဲ့ ၂၂ ရက်တွေမှာ ပြန်လည်ကစားမှာ ဖြစ်ပါတယ်။ ပရိသတ်တွေအတွက် ပွဲကောင်းတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပြီး မမျှော်လင့်တဲ့ရလဒ်တွေလည်း ထွက်ပေါ်လာဦးမှာဖြစ်ပါတယ်။ အုပ်စုအလိုက် နှစ်ပွဲစီ ကစားပြီးချိန်မှာ ရလဒ်တွေကောင်းခဲ့တဲ့ အသင်းကြီးတွေအတွက် အခုပွဲစဉ်မှာလည်း ဆက်တိုက်အောင်ပွဲခံနိုင်ရေး ခြေကုန်ဖွင့်ကစားကြဦးမှာ သေချာပါတယ်။ ဂုဏ်သိက္ခာမြင့်မားတဲ့ ချန်ပီယံလိဂ်ဖလားကို ပိုင်ဆိုင်နိုင်ဖို့အတွက် ခက်ခဲကြမ်းတမ်းတဲ့ပွဲစဉ်တွေကို ကျော်ဖြတ်နေရချိန်မှာ ဘယ်အသင်းတွေ နိုင်ပွဲဖော်ဆောင်နိုင်မလဲဆိုတာ ရင်ခုန်စွာနဲ့ အားပေးရဦးမှာဖြစ်ပါတယ်။

**ဘိုရီဆော့နှင့် ဘာစီလိုနာ**

အုပ်စု(E)မှာ ဘာစီလိုနာတို့က နှစ်ပွဲကစား၊ လေးမှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ဘိုရီဆော့တို့ကတော့ နှစ်ပွဲကစား၊ တစ်ပွဲနိုင် သုံးမှတ်နဲ့ တတိယနေရာမှာ ရပ်တည်နေပါတယ်။ ဘီလာရုစ်လိဂ်မှာတော့ ဘိုရီဆော့တို့က ထိပ်ဆုံးမှာဦးဆောင်နေပြီး ခြေစွမ်းလည်းပြနေတာမို့ ဘာစီလိုနာတို့ လျှော့တွက်လို့မရပါဘူး။ ဘာစီလိုနာကတော့ မက်ဆီမပါနိုင်ပေမယ့် နိုင်ပွဲရအောင် အားထုတ်နိုင်တဲ့ တိုက်စစ်မှူးတွေရှိနေပါတယ်။ ဒီနှစ်သင်း နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဘာစီလိုနာတို့က ဂိုးပြတ်သွင်းပြီး နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း ဘာစီလိုနာတို့ အနိမ့်ဆုံး နှစ်ဂိုးသွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။

**လေဗာကူဆင်နှင့် ရိုးမား**

အုပ်စု(E)မှာ လေဗာကူဆင်က နှစ်ပွဲကစား၊ သုံးမှတ်ရထားပြီး ဂိုးကွာခြားချက်နဲ့ အုပ်စုဒုတိယနေရာမှာ ရှိနေပါတယ်။ ရိုးမားတို့ကလည်း နှစ်ပွဲ ကစား၊ သုံးမှတ်နဲ့ တတိယနေရာမှာရှိနေတာမို့ ဒီပွဲဟာအကြိတ်အနယ်ရှိမယ့် ပွဲကောင်းပါပဲ။ ရိုးမားနဲ့ လေဗာကူဆင်တို့ နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံခဲ့တဲ့ရလဒ်ကိုကြည့်ရင် လေဗာကူဆင်တို့ တစ်ပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ အခုတလော ခြေစွမ်းယိမ်းယိုင်လာတဲ့ ရိုးမားဟာ လေဗာကူဆင်ကွင်းမှာ ကပ်ပြီးရှုံးပွဲကြုံသွားနိုင်ပါတယ်။

**အာဆင်နယ်နှင့် ဘိုင်ယန်မြူးနစ်**

အုပ်စု(F)မှာတော့ ဘိုင်ယန်မြူးနစ်တို့ နှစ်ပွဲကစား၊ ခြောက်မှတ်ရပြီး အုပ်စုကို ဦးဆောင်နေပါတယ်။ အာဆင်နယ်တို့က နှစ်ပွဲကစား၊ နှစ်ပွဲစလုံး ရှုံးထားတာမို့ ရမှတ်မရသေးပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကို ကြည့်ရင် အာဆင်နယ်တို့ တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။ အမြင့်ဆုံး တံ့ပြန်နိုင်ခဲ့တာက တစ်ဂိုးစီသရေပွဲပါ။ ဒါပေမယ့် ပရီမီယာလိဂ်မှာ ခြေစွမ်းပြန်ပြလာတဲ့ အာဆင်နယ်ဟာ အခုပွဲအိမ်ကွင်းလည်းဖြစ်တာမို့ ခြေကုန်ထုတ်ပြီး ရလဒ်ကောင်းအောင် ကစားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့ကလည်း အတောင့်တင်းဆုံးကစားသမားတွေနဲ့ စုဖွဲ့လာမှာမို့ ဒီပွဲဟာ သရေရလဒ်လည်း ထွက်ပေါ်လာနိုင်ပါတယ်။

**ဒိုင်နမိုဇာဂရက်နှင့် အိုလံပီယာကော့စ်**

အုပ်စု(F)မှာ အိုလံပီယာကော့စ်တို့က နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ သုံးမှတ်နဲ့ ဒုတိယနေရာမှာရှိနေပြီး ဒိုင်နမိုဇာဂရက်တို့ကလည်း နှစ်ပွဲကစား၊ သုံးမှတ်ရလို့ တတိယနေရာမှာ ရပ်တည်နေပါတယ်။ ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်တို့က အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို နိုင်ပွဲရအောင် ကစားတတ်တဲ့ ခြေစွမ်းရှိနေပြီး တစ်သင်းလုံး စိတ်ဓာတ်ကောင်းကောင်းနဲ့ အားထုတ်နိုင်သူတွေဖြစ်ပါတယ်။ အိုလံပီယာကော့စ်တို့ကလည်း အာဆင်နယ်ကို အနိုင်ကစားပြီး အောင်ပွဲခံ စိတ်ဓာတ်ဆူဝေနေတာမို့ အခုပွဲဟာ အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

**ပေါ်တိုနှင့် မက္ကာဘီတဲလ်အဗစ်**

အုပ်စု(G)မှာ ပေါ်တိုက နှစ်ပွဲကစားပြီး လေးမှတ်ရရှိနေပေမယ့် မက္ကာဘီတဲလ်အဗစ်တို့ကတော့ နှစ်ပွဲကစား၊ နှစ်ပွဲစလုံးရှုံးထားပါတယ်။ ခြေစွမ်း ထက်မြက်တဲ့ ပေါ်တိုအသင်းဟာ အခုပွဲအိမ်ကွင်းမှာ ကစားရတာကြောင့် ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေး အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ မက္ကာဘီတဲလ်အဗစ်တို့ ဒီပွဲမှာလည်း မျှော်လင့်ချက်ထားလို့မရတဲ့ အနေအထားဖြစ်ပါတယ်။

**ဒိုင်နမိုကိဗ်နှင့် ချယ်လ်ဆီး**

အုပ်စု(G)မှာ ချယ်လ်ဆီးတို့လည်း နှစ်ပွဲကစား၊ သုံးမှတ်ရထားပြီး ဒိုင်နမိုကိဗ်တို့ကတော့ နှစ်ပွဲကစား၊ လေးမှတ်နဲ့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ယူကရိန်းကလပ် ဒိုင်နမိုကိဗ်တို့က နောက်ဆုံး ကိုးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ ချယ်လ်ဆီးတို့ကတော့ ရလဒ်တွေ ဆိုးရွားနေလို့ ဒီပွဲမှာ ပုံမှန်ခြေစွမ်းပြန်ပြနိုင်ဖို့ ကြိုးစားမှာပါ။ ဒါပေမယ့် အိမ်ရှင်ရဲ့ ခြေစွမ်းက အကောင်းဆုံးအနေအထားရှိနေတာမို့ ချယ်လ်ဆီးတို့ ရလဒ်ကောင်းဖို့ မလွယ်ပါဘူး။

**ဇင်းနစ်နှင့် လိုင်ယွန်**

အုပ်စု(H)မှာ ဇင်းနစ်တို့က နှစ်ပွဲကစား၊ ခြောက်မှတ်နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ လိုင်ယွန်တို့ကတော့ နှစ်ပွဲကစားပြီးချိန်အထိ နိုင်ပွဲမရသေးပါဘူး။ ရုရှားကလပ် ဇင်းနစ်ဟာ အိမ်ကွင်းခြေစွာတဲ့ အသင်းဖြစ်ပြီး ပြိုင်ဘက်တွေကို အနိုင်ကစားနိုင်တဲ့ ခြေစွမ်းမျိုးရရှိနေပါတယ်။ လိုင်ယွန်တို့ကတော့ အဝေးကွင်းလည်းဖြစ်တဲ့အပြင် လက်ရှိခြေစွမ်းကလည်း မတည်ငြိမ်တာမို့ အိမ်ရှင်ရဲ့ ဖိအားပေးမှုအောက်မှာ မျှော်လင့်ချက်ကင်းဝေးရပါလိမ့်မယ်။

**ဗလင်စီယာနှင့် ဂျန့်**

အုပ်စု(H)မှာ ဗလင်စီယာက နှစ်ပွဲကစားပြီး သုံးမှတ်ရနေပါတယ်။ ဂျန့်တို့က နှစ်ပွဲကစား၊ တစ်ပွဲသရေနဲ့ တစ်မှတ်ရထားတာမို့ အခုပွဲဟာ ဂျန့်တို့ရဲ့ အားထုတ်မှုမြင့်မားလာမယ့်ပွဲပါပဲ။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ နောက်ဆုံးနှစ်ပွဲတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဗလင်စီယာတို့က နှစ်ပွဲစလုံးအနိုင်ရထားပါတယ်။ လောလောဆယ်မှာ ဗလင်စီယာရဲ့ခြေစွမ်းက အားရစရာမရှိတာမို့ ဂျန့်တို့ရဲ့ စိတ်ဓာတ်ပြင်းပြင်းနဲ့ အားထုတ်မှုက အနိမ့်ဆုံးတစ်မှတ်ကို ရယူဖို့ မျှော်လင့်နိုင်ပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်



## အလုပ်ပြုတ်မှာမဟုတ်ဘူးလို့ဆိုတဲ့ မော်ရင်ဟို

မော်ရင်ဟိုက သူ့အနေနဲ့ ချယ်လ်ဆီးအသင်းကို ရာသီအကုန်မှာ ဇယားတစ်ဝက်သာ ရောက်အောင် လုပ်ပေးနိုင်သည့်တိုင်အောင် သူ့ကို အလုပ်ဖြုတ်ကြမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ နည်းပြ မော်ရင်ဟိုက ချယ်လ်ဆီးနဲ့ ချုပ်ဆိုထားတဲ့ လေးနှစ်တာစာချုပ်ကို ကာကွယ်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ရာသီအစ ရလဒ်တွေ မကောင်းခဲ့ပေမယ့် ချယ်လ်ဆီးဘုတ်အဖွဲ့က မော်ရင်ဟိုကို အပြည့်အဝထောက်ခံနေဆဲဖြစ်ပါတယ်။ နည်းပြမော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးက ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးတဲ့နောက် အသင်းပိုင်ရှင် အေဘရာဟင်မိုဗစ်ချ်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ ဆိုပါတယ်။ အမှတ်ပေးဇယားတစ်ဝက်နဲ့ပဲ အဆုံးသတ်ရသည့်တိုင်အောင် ချယ်လ်ဆီးဘုတ်အဖွဲ့က အလုပ်ဖြုတ်မှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ကျွန်တော်တို့အသင်း အမှတ်တွေလိုအပ်နေပါတယ်။ လာမယ့်ပွဲတွေမှာ အမှတ်တွေရယူသွားနိုင်အောင် ပြင်ဆင်သွားမှာဖြစ်ပါတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

## အဲဗာတန်နဲ့အတူ တောက်ပလာမယ့် ကြယ်တစ်ပွင့်

အဲဗာတန်လူငယ်ကစားသမား ရော့ခ်ဘာကလေဟာ မကြာသေးမီက ခြေစွမ်းပြကစားလာတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း အဲဗာတန်ပရိသတ်တွေက လင်းလက်တောက်ပလာမယ့် စိန်တစ်ပွင့်လို့ ရည်ညွှန်းပြောဆိုလျက်ရှိပါတယ်။ သူဟာ အင်္ဂလန်အသင်းရဲ့ အဓိကကစားသမားလည်းဖြစ်ပါတယ်။ လစ်သူယေးနီးယားနဲ့ အင်္ဂလန်တို့ ကစားတဲ့ပွဲမှာ အင်္ဂလန်အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဘာကလေဟာ အဲဗာတန်အသင်းနဲ့အတူ ခြေစွမ်းပြကစားလာတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ အဲဗာတန်အသင်းက တာဝန်ရှိသူတွေက ဘာကလေရဲ့ ဂိုးပေါက်ဖန်တီးမှုစွမ်းရည်ကို အတော်လေးသဘောကျနေကြတယ်လို့ ဆိုပါတယ်။ သူဟာ အဲဗာတန်အသင်းမှာသာမက နိုင်ငံလက်ရွေးစင်အသင်းဖြစ်တဲ့ အင်္ဂလန်အသင်းအတွက်ပါ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ သူဟာ ရွိုင်းဟော့ဆင်ရဲ့ အင်္ဂလန်အသင်းမှာ ၂၀၁၆ ယူရိုပွဲမတိုင်မီ စပိန်၊ ပြင်သစ်နဲ့ ဂျာမနီအသင်းတို့နဲ့ ချစ်ကြည်ရေးပြိုင်ပွဲတွေမှာပါ ပါဝင်ကစားလိမ့်မယ်လို့ ဆိုပါတယ်။ သူဟာ လစ်သူယေးနီးယားနဲ့ပွဲမှာ အင်္ဂလန်အတွက် အကောင်းဆုံးခြေစွမ်းပြကစားလာခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## ဖလားယူဖို့ မျှော်မှန်းထားတယ်ဆိုတဲ့ အာစင်ဝင်းဂါး

အာစင်ဝင်းဂါးဟာ လက်ရှိပရီမီယာလိဂ်နည်းပြတွေထဲမှာတော့ အကောင်းဆုံးနည်းပြအဖြစ်ရှိနေဆဲပါ။ လက်ရှိပြက္ခဒိန်နှစ်မှာတော့ အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်မှာ အကောင်းဆုံးအသင်းပဲလို့ နည်းပြဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းဟာ လွန်ခဲ့တဲ့ပြိုင်ပွဲပေါင်း ၂၇ ပွဲမှာ ရမှတ် ၆၁ မှတ်အထိ စုဆောင်းနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါဟာ မန်စီးတီးထက် လေးမှတ်၊ မန်ယူထက် ၁၁ မှတ်နဲ့ ချယ်လ်ဆီးထက် ၁၂ မှတ်အသာရရှိတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးသော ပရီမီယာလိဂ်ဖလားကို ရယူသွားဖို့မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ အသက် ၆၅ နှစ်အရွယ်ရှိဖြစ်ဖြစ်တဲ့ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားသုံးလုံး ဆွတ်ခူးပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ နောက်ဆုံးအဖြစ် ၂၀၀၄ ခုနှစ်က ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ အာဆင်နယ်အသင်း ဖလားဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။



myanmar national airlines

# BOEING လေယာဉ်အသစ်နှင့်အတူ

ဝန်ဆောင်မှုကောင်းများဖြင့် လုံခြုံစိတ်ချစွာ ခရီးသွားကြပါစို့ . . .




| ထွက်ခွာ | | ဆိုက်ရောက် | |
|---|---|---|---|
| ရန်ကုန် | (၁၀း၁၅) | စင်ကာပူ | (၁၄း၄၅) |
| စင်ကာပူ | (၁၆း၀၀) | ရန်ကုန် | (၁၇း၃၀) |
| ရန်ကုန် | (၀၉း၀၀) | ဟောင်ကောင် | (၁၃း၃၀) |
| ဟောင်ကောင် | (၁၄း၅၀) | ရန်ကုန် | (၁၆း၃၀) |

*ရန်ကုန် – ဟောင်ကောင် – ရန်ကုန်*
*ခရီးစဉ်များကို ဒီဇင်ဘာ (၄)ရက် မှစတင်ပြေးဆွဲမည်ဖြစ်ပါသည်။*

| ထွက်ခွာ | | ဆိုက်ရောက် | |
|---|---|---|---|
| ရန်ကုန် | (၀၆း၃၀) | နေပြည်တော် | (၀၇း၀၅) |
| နေပြည်တော် | (၀၇း၃၅) | ရန်ကုန် | (၀၈း၁၀) |
| ရန်ကုန် | (၀၇း၀၀) | မန္တလေး | (၀၇း၅၀) |
| မန္တလေး | (၀၈း၃၅) | ရန်ကုန် | (၀၉း၂၅) |
| ရန်ကုန် | (၁၀း၃၀) | ညောင်ဦး | (၁၁း၁၅) |
| ညောင်ဦး | (၁၂း၀၀) | ရန်ကုန် | (၁၂း၄၅) |
| ရန်ကုန် | (၁၅း၃၀) | မန္တလေး | (၁၆း၂၀) |
| မန္တလေး | (၁၇း၀၅) | နေပြည်တော် | (၁၇း၃၀) |
| နေပြည်တော် | (၁၈း၁၅) | ရန်ကုန် | (၁၉း၀၅) |

*ခရီးစဉ်များကို အောက်တိုဘာ (၂၀)ရက် မှစတင်ပြေးဆွဲမည်ဖြစ်ပါသည်။*

www.flymna.com
/MyanmarNationalAirlines

**01-378603, 01-377840**

104, Kanna Road, Kyauktada Township, Yangon. Myanmar

**AIRPORT ~ 09-263707422, 09-263707411**

ဖုန်းဆက်၍ Booking တင်ပြီး ထွက်ခွာမည့်နေ့တွင် လေဆိပ်၌ လက်မှတ်များ ဝယ်ယူနိုင်ပါသည်။


daedong
10~20%
စက်တန်ဖိုး၏ ၁၀% ~၂၀% ကို အရင်ပေးသွင်းပြီး
ကိုရီးယား daedong လယ်ယာသုံးစက်ပစ္စည်းကို
ကိုယ်ပိုင်ပစ္စည်းအဖြစ် အရယူပါ။
ဒီအခွင့်အရေးကို လက်လွတ်မခံပါနှင့်။
စက်တန်ဖိုး၏ ၁၀% ~၂၀% ကို ပေးသွင်းလျှင် ယခုချက်ခြင်း ဝယ်ယူနိုင်ပါသည်။
၆- လ တစ်ကြိမ် အတိုးနှင့်အတူ ခွဲဝေဆပ်ရန်(၈~၁၂ ကြိမ်၊ အများဆုံး ၇- နှစ်)
ဝယ်လိုအား၏ လိုအပ်ချက်သည် အခြေအနေအလိုက် ပြောင်းလဲနိုင်ပါသည်။
DT100NS
CK2810(28HP)
DS3510(35HP)
DS4110(41HP), DS4510(45HP)
EX50(50HP)
RX6020(60HP), RX7620(76HP)
PX9020(90HP)
Sales(CCS)
Sagaing : 09-400 420 011
Bago : 09-6 312 324, 09-794 445 919
Magway : 09-440 227 850, 09-792 229 940
Mandalay : 09-444 020 306, 02-39127
Mon : 09-255 708 299
Yangon : 09-5 021 830
Shan : 09-421 093 242
Ayeyarwady : 09-428 137 492
Naypyitaw : 09-43 198 836
Service(SHT)
Ayeyarwady, Yangon : 09-401 629 077, 09-263 952 668
Bago, Mawlamying : 09-977 242 139, 09-263 952 667
Mandalay, Monywar : 09-977 242 134, 09-263 952 663
Naypyitaw, Magway : 09-977 242 135, 09-263 952 660
SHT Call Center : 09-263 952 577, 01-684 733
Spare Parts
Parts Manager : 09-791 208 075, 09-977 242 146
Yangon : 09-977 242 140
Naypyitaw : 09-970 255 455, 09-975 097 969
Mandalay : 09-970 067 976
Sagaing : 09-442 073 893, 09-264 087 146
Magway : 09-974 562 249
daedong KIOTI ®


SWEETY HOME ®
20th ANNIVERSARY Since 1995
PROMOTION DATE
10th to 31st Oct 2015
up to 20 % OFF
ရွှေ နှစ်ဆယ် ကျပ်သား
ရရှိနိုင်မည့်အခွင့်အရေးနှင့် ဆုမဲပေါင်းများစွာ
အထူးဆု ပထမဆု ဒုတိယဆု နှစ်သိမ့်ဆု(၅)ဆု
(၁၀)ကျပ်သား (၃)ကျပ်သား (၂)ကျပ်သား (၁)ကျပ်သား
"နှစ်(၂၀) ပြည့်အထိမ်းအမှတ်အနေဖြင့်" ငွေကျပ်တစ်သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ရွှေသားကံစမ်းမဲလက်မှတ်တစ်စောင် ရယူနိုင်ပါသည်။
ဆိုဖာ
စပရင်မွေ့ရာ
SAKURA အညှော်နှုတ်စက်
SAKURA ဂက်(စ်)မီးဖို
TATUNG ဘက်စုံသုံးပေါင်းအိုး
စပရင်မွေ့ရာ၊ ရေမြှုပ်မွေ့ရာ၊ ပရိဘောဂ၊ မင်္ဂလာခန်းဝင်ပစ္စည်း အမျိုးမျိုးအပြင် ပြည်ပမှ တင်သွင်းသော အိပ်ခန်းသုံး ပစ္စည်းအမျိုးမျိုး နှင့် မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုးတို့အား Sweety Home Living Mall များ နှင့် အမြို့မြို့အနယ်နယ်ရှိ Sweety Home အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ကံစမ်းမဲဖွင့်ပွဲအား မန္တလေး Sweety Home Living Mall တွင် November 14 ရက်နေ့၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကံထူးရှင် စာရင်းအား သတင်းစာ၊ ဂျာနယ် များတွင် ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။
ရန်ကုန် - ၀၁ ၅၅၁ ၅၉၁၊ ၀၁ ၈၅၅၀ ၃၅၈။
မန္တလေး - ၀၂ ၆၅၉၃၈၊ ၀၉ ၉၇၇၉ ၁၉၇၇၇၊ ၀၉ ၉၇၇၉ ၁၉၈၈၈။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် သံလျင်မြို့နယ်၊ ခရမ်းချောင်း တာလမ်းအရှည်ပေ (၄၇၅၀)အား ကွန်ကရစ်လမ်း (Wheel Track) ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၂။ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
**အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၁-၅၄၉၉၂၆၊ ၀၁-၅၄၉၉၂၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ပင်မဆောင်+တိုးချဲ့ဝင်း)တွင် နေ့/ည လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးတွင် ၁၉-၁၀-၂၀၁၅ ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၁၀-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

# မြွေမျိုးစုံ ဝယ်ယူလိုသည်

ဆေးဝါးစက်ရုံ(အင်းစိန်)တွင် တည်ဆောက်လျက်ရှိသည့် (Snake Farm)တွင် ပြသနိုင်ရန်အတွက် အောက်ဖော်ပြပါ ''မြွေအရှင်''များကို ညှိနှိုင်းဈေးဖြင့် ဝယ်ယူလိုပါသည်။

၁။ စပါးကြီးမြွေ (၁) ကောင်
၂။ စပါးအုံးမြွေ (၃) ကောင်
၃။ ငန်းတော်ကျား (၆) ကောင်
၄။ သံကွင်းစွပ် (၆) ကောင်
၅။ ငန်းစောင်း (၆) ကောင်
၆။ လင်းမြွေ (၆) ကောင်
၇။ ရက်ကန်းကြိုးရောင်စုံ (၃၀) ကောင်
(စိမ်း၊ ဝါ၊ ဖြူ၊ အညို)
၈။ မြွေစိမ်းမြီးခြောက် (၆) ကောင်

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)**
**ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၄၆၂၈၃၊ ၀၁-၆၄၆၂၇၁**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၈/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ - Octane Analyzer (1 Unit), Low Sulphur Detector1 Set, Tyre (2 Items) & Battery (3 Items)
(ခ) ဓာတုဗေဒပစ္စည်းများ - Caustic Soda 300 MT, Aluminium Trichloride (PAC) 100 MT, Standard Gas (7 cyls)
(ဂ) ကုန်ကြမ်းပစ္စည်းများ - WPP-Bags (400000 Bags),

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ - Spare parts of CO2 Compressor (1 Lot), Spare parts for Syn.gas Compressor (1 Lot), Raw Materials (9 Items), Spare Parts for NG Compressor K-1201 (10 Items), Liquid Ammonia Pump (P-8101) with Motor Complete Set (1 Set), Instrument Air Compressor (K 6001) with Motor (Complete Set)and Process Air Condensate Pump (P 1301) (Without Motor) (2 Items), River Water Pump (Horizontal Centrifugal) without Motor (1 Set), Upgrading Of Existing Demineralization Unit (1 Lot), Naphtha Circulation Pump (PU-602) with Motor (1 No), Metallic Carbon Brush for C3 Ref Compressor Motor (60 PCS)
(ခ) ဓာတုဗေဒပစ္စည်းများ - Resin (2 Items)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၃-၁၁-၂၀၁၅ ရက် (၁၂း၀၀) နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်ရှိ အုပ်ချုပ်မှုသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်လိုအပ်သောအဆင့်မြင့်ဒီဇယ်ဆီ(၆၀၀)ဂါလန်၊ ဒီဇယ်ဆီ(ရိုးရိုး)(၂၆၈၂၀) ဂါလန်နှင့် ဓာတ်ဆီ (၆၀၀၀)ဂါလန်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံစတင်ရောင်းမည့်ရက်** - ၁၉-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့**
**အမှတ် ၁၉၇/၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း**
**အလုံမြို့နယ်**
**ဖုန်း-၀၁-၂၂၀၈၁၆**

## မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်
## (MAPCO)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) လက်အောက်ရှိ စက်ရုံများမှ အသုံးမလိုတော့သည့် အောက်ဖော်ပြပါပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသောကြောင့် ဝယ်ယူလိုသောလုပ်ငန်းရှင်/ကုမ္ပဏီများမှ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | လျှော်ပင်ခြောက် | (၃၇၇၇၂၇၂) ပိဿာ |
| ၂။ | Rosin (ထင်းရှူးဆီ) | (၀.၄၃) တန် |
| ၃။ | Whitening Agent | (၄.၈၆) တန် |
| ၄။ | Talc Powder | (၆၄.၇၁) တန် |
| ၅။ | Titanium Dioxide ($TiO_2$) | (၅.၁၅၉၅) တန် |
| ၆။ | Alum (ကျောက်ချဉ်) | (၁.၄၄၇) တန် |
| ၇။ | Sodium Thiosulphate | (၂.၄၅၈၃) တန် |
| ၈။ | Sodium Carbonate ($Na_2 CO_3$) | (၄.၁၄) တန် |

၂။ **တင်ဒါပေးသွင်းရမည့်ရက်** - ၂၀၁၅ခုနှစ် အောက်တိုဘာ ၃၀ရက်
၃။ **တင်ဒါပေးသွင်းရမည့်နေရာ** - မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၊အမှတ်(၁၀၀)၊ ဝါးတန်းလမ်းနှင့် ကမ်းနားလမ်း၊ ကွန်ကရစ်အမြန်လမ်းမကြီးဘေး၊ ဝါးတန်းဆိပ်ကမ်း၊ ဆိပ်ကမ်းနယ်မြေ၊ ရန်ကုန်၊
ဖုန်း- (၀၉-၁)၂၃၀၁၆၅၂-၅၃၊ ၂၃၀၁၈၂၆
Fax: (၉၅-၁)၂၃၀၁၈၂၄
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)
## လူနာခန်းလက်ထောက် (အမျိုးသား/အမျိုးသမီး)
## သင်တန်းသားများ ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် (၃၈)ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဖွင့်လှစ်မည့် လူနာခန်းလက်ထောက် (အမျိုးသား/အမျိုးသမီး) သင်တန်းအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ သင်တန်းတက်ရန် လျှောက်ထားနိုင်ပါသည်-

(က) မြန်မာနိုင်ငံသားဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူဖြစ်ရမည်။
(ခ) အသက် (၁၈)နှစ်ပြည့်ပြီး၊ (၂၄)နှစ်ထက် မကျော်စေရ။
(ဂ) အခြေခံအထက်တန်း(သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဃ) အိမ်ထောင်မရှိသူ (အပျို/လူပျို) ဖြစ်ရမည်။

**လျှောက်ထားသူသည်-**

(က) ဇီဝိတဒါသံဃာ့ဆေးရုံကြီးတွင် ဖွင့်လှစ်မည့် လူနာခန်းလက်ထောက်သင်တန်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ လေးလကြာတက်ရောက်ရမည်။
(ခ) သင်တန်းကြေး ပေးသွင်းရန်မလိုပါ။
(ဂ) သင်တန်းကာလအတွင်း နေ့လယ်စာထမင်းအခမဲ့ကျွေးမည်။
(ဃ) သင်တန်းပြီးဆုံး၍ အောင်မြင်သူများကို ဆေးရုံကြီးတွင် လစ်လပ်နေရာများရှိပါက အလုပ်ရရှိရေး စီစဉ်ပေးမည်။

လျှောက်လွှာပုံစံများကို ဆေးရုံကြီးရှိ စီမံရေးရာဌာနခွဲတွင် တောင်းယူ၍ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ပညာရေးထောက်ခံချက် မိတ္တူတို့ဖြင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံကပ်ပြီး ၆-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ သင်တန်းသားများကို လူတွေ့စစ်ဆေးပြီး ရွေးချယ်သွားမည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၅၄၁၇၉၅ နှင့် ၀၁-၅၅၈၄၃၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)**

## တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အောက်ပါစက်ရုံများတွင် အသုံးမလိုပိုလျှံပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာစက်ရုံများသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်) စက်ပစ္စည်းများ
၂။ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ) သွယ်ဝိုက်ကုန်ကြမ်း/ကုန်ချောများ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** ၂၁-၁၀-၂၀၁၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပိတ်ရက်** ၃-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၆း၀၀ နာရီ
**တင်ဒါဖွင့်ရက်** ၄-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၃း၀၀ နာရီ
**တင်သွင်းရမည့်နေရာ** စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်။
**ဖုန်း** ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၃၇၂

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## ပလတ်စတစ်ပစ္စည်းစက်ရုံခွဲ(သန်လျင်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ပလတ်စတစ်ပစ္စည်းစက်ရုံခွဲ(သန်လျင်)၏ အသုံးမလိုပိုလျှံနေသော စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးပစ္စည်းများနှင့် အခြားပစ္စည်းအုပ်စု(၄)မျိုးအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသည်-

၁။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ** - ၂၁-၁၀-၂၀၁၅ ရက်
**ရောင်းချမည့်ရက်/အချိန်/နေရာ** - ၁၀း၀၀နာရီ မှ ၁၅း၀၀နာရီအထိ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း နည်းပညာဖွံ့ဖြိုးရေးဌာန၊ရုံးအမှတ် ၃၇၊ နေပြည်တော်
၂။ **တင်ဒါတင်သွင်းမည့်ရက်၊အချိန်၊နေရာ** - ၂၆-၁၀-၂၀၁၅ ရက် ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ ရုံးအမှတ် ၃၇၊ နေပြည်တော်
၃။ **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၃-၁၁-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၃၂ တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးအဖွဲ့**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

## လမ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၃/၂၀၁၅-၂၀၁၆)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်လက်အောက်ရှိ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ပြင်စလူမြို့တို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး(ငွေလုံး/ပြင်ထိန်း)လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းများကို လပွတ္တာခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၆-၁၀-၂၀၁၅ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂-၁၁-၂၀၁၅၊ ညနေ ၄း၃၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ (၃)မိုင်မြို့သစ်
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၁၁-၂၀၁၅၊ နံနက် ၁၀း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၆-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**လပွတ္တာခရိုင်**
**လမ်းဦးစီးဌာန**
**ဖုန်း-၀၄၂-၈၃၀၄၇**

## MINISTRY OF INDUSTRY, NO.(3) HEAVY INDUSTRIES ENTERPRISE LIME KILN IN CAUSTIC SODA FACTORY (THATONE)
## INVITATION TO SUBMIT EXPRESSION OF INTEREST FROM INVESTORS

1. No.(3)Heavy Industries Enterprise is planning to establish lime kiln which produce required lime for production of bleaching powder. So we would like to invite Expression of Interest (EOI) for local and foreign investors to undertake and build with Turnkey System for LIME KILN in CAUSTIC SODA FACTORY (THATONE) NEAR INN SHAE VILLAGE THATONE TOWNSHIP, MON STATE.

2. The required date for EOI submission and Information are available during office hour from 20th October 2015 to 2nd November 2015 the following address:

Technology Development Department
No.(3) Heavy Industries Enterprise
Ministry of Industry. Office No.(37), Nay Pyi Taw

More Information of the proposed the Lime Kiln could be enquired by calling +95 67 408129, +95 951 35910. EOI shall be submitted in person not later than Myanmar Time 14:00 hour on 20th November 2015.

## ဖခင်အမည်မှန်

ပုလောမြို့၊ ပလကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်း (A)မှ မထက်မြတ်အိန္ဒြေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းတင် ဖြစ်ပါကြောင်း။
**ဦးစန်းတင် ၆/ပလန(နိုင်)၀၄၅၆၂၃**

## မွေးသက္ကရာဇ်အမှန်

ဦးလှံ့နိမ်း၏သား ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်း အထက၊ တက္ကသိုလ်ဝင်တန်း (E)မှ မောင်ထန်ခပ်စွပ် ၇/ကတခ(နိုင်)၁၈၂၈၉၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၂-၂၀၀၀ ဖြစ်ပါသည်။

ကထိန်သင်္ကန်းလှူဒါန်းရန်

မြတ်စေတနာသင်္ကန်းပရိက္ခရာတိုက်(စစ်တွေမြို့)မှာ

ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် လက်လီ၊လက်ကား ရောင်းချပေးနေပါသည်။

ဖိတ်စာနှင့် လက်ဆောင်ယပ်တောင်များရနိုင်ပါသည်။

ပင်ရင်း-အမှတ် ၃၅၊ မဏိမူရလမ်း၊ ရဲနွယ်စုရပ်ကွက်၊ လောကာနန္ဒာစေတီ
မြောက်ဖက်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃ ၂၂၄၈၃၊ ၀၉၃၆၁၇၃၄၆၈

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းအတွက် အသုံးပြုရန်အောက်ဖော်ပြပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ငှားရမ်း/ဝယ်ယူလိုပါသည်။

၁။ သံလွင်တံတား(ချောင်းဆုံ)၏ ရေလယ်(Bored Pile)များတူးရန်(1.8 m Ø,60m အနက်)ထိတူးနိုင်သော (Bored Pile) တွင်းတူးစက် တစ်စုံငှားရမ်းလိုပါသည်။

၂။ **ပစ္စည်းဝယ်ယူရန်**

(က) Chipping (ဇင်းကျိုက်)

(ခ) မြစ်သဲ(ဇာသပြင်)

(ဂ) 28 mm Ø Steel Wire rope

(ဃ) 1.5 mm thick M.S Plate

(င) Admixture Type G

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၁၀-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ရေတပ်ဝန်း၊ မုပွန်ရပ်၊ မော်လမြိုင်မြို့။

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကိုသံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးအဖွဲ့ (၁)ရုံးနှင့် တည်ဆောက်ရေးအဖွဲ့(၄)ရုံး၊ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင်၁၈-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

## ဆောက်လုပ်ရေးလုပ်ငန်းများတွင် စည်းကမ်းမဲ့ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍
## အများသိစေရန် ကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် မြို့တော်နယ်နိမိတ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအားစဉ်ဆက်မပြတ်ကြပ်မတ်လျက်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်များကိုလည်း စည်းကမ်းတကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့သည် လုပ်ငန်းခွင်မှထွက်ရှိသည့် မြေကြီးနှင့် စွန့်ပစ်ပစ္စည်းများသယ်ယူရာ၌ မော်တော်ယာဉ်များတွင် လိုအပ်သောအဖုံးအကာများ စနစ်တကျမဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသည့်နေရာများတွင် မစွန့်ပစ်ဘဲ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ မြေသယ်ယာဉ်၏ဘီးများအား လုပ်ငန်းခွင်မှအထွက်တွင် ရေဖြင့်ဆေးကြောရန် ပျက်ကွက်ခြင်းတို့ကြောင့် အများပြည်သူသုံးလမ်းများပေါ်တွင် အမြင်မတင့်တယ်သော ညစ်ပေမှုဖြစ်ပေါ်၍ စည်းကမ်းမဲ့စွာဖြင့် လုပ်ငန်းများဆောင်ရွက်ကြသောကြောင့် ပြည်သူများစိတ်အနှောင့်အယှက်ဖြစ်ပေါ်ရကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာများသည် မိမိတို့ကြီးကြပ်ဆောက်လုပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များအား စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် စည်းကမ်းမလိုက်နာမှုများအား စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာလိုင်စင်ကန်ထရိုက်တာ၊ လိုင်စင်အင်ဂျင်နီယာတို့အား လိုင်စင်ပိတ်သိမ်းသည်အထိ စည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်သည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းကိုလည်း သတ်မှတ်ဒဏ်ကြေးများအပြင် အနည်းဆုံး(၁)လ ရပ်ဆိုင်းအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက (၁)ပဋ္ဌမတန်း(D)တွင်ပညာသင်ကြားနေသော မောင်သွန်းဖြိုးအောင်၏ဖခင် ဦးစိုးစံဝင်းအမည်မှန်မှာ ဦးစိုးစံထက် ၁၃/သပန(နိုင်)၀၄၄၉၃၉ဖြစ်ပါကြောင်း။ **ဦးစိုးစံထက်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၈၀၀၀ Toyota Dyna BV 60, L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းဦး ၉/ပသက(နိုင်)၀၀၀၃၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ဗုဒ္ဓဘာသာပညာရေးစင်တာ IBEC တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ထွန်းလွင်ဦး၏ ဖခင်အမည်မှန်မှာဦးလှထွန်းဦး၅/စကန(နိုင်)၁၈၉၂၁၈ ဖြစ်ပါကြောင်း။ **ဦးလှထွန်းဦး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၁၅၁၁ Hensim 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်းဝင်း ၉/ပမန(နိုင်)၀၃၂၉၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၉-၁၀-၂၀၁၅ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၀-၂၀၁၅ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### အမည်မှန်

ကျောက်မဲမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မဇင်မာသင်း၏ဖခင် ဦးစိန်သောင်းနှင့် ဦးဖိုးသောင်း ၁၃/ကမန(နိုင်)၁၃၁၀၇၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဖိုးသောင်း ၁၃/ကမန(နိုင်)၁၃၁၀၇၈**

## ဝန်ထမ်းအလိုရှိသည်

ဆံပင်နှင့် မိတ်ကပ်အလှပြုပြင်ရေးဆိုင်တွင်
ဘက်စုံသင်ကြားပေးမည်။ နေစရိတ်၊ စားစရိတ်အပြီးအစီး
(မ)ဝန်ထမ်း အလိုရှိသည်။
ကျွမ်းကျင်ဝန်ထမ်း မ(၂)ဦးလည်း အလိုရှိသည်။
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရန်-ဖုန်း-၀၉-၃၆၁၁၂၂၉၁၊ ၀၉-၄၅၀၀၄၉၆၈၆**

1) Sales and Marketing Manager-Male 2 posts ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ် ကားအင်ဂျင်ဝိုင်နှင့် ကားအပိုပစ္စည်းနားလည်သူ ဦးစားပေးမည်။
2) Sales Executive-Male 4 posts ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ်၊ ကားအင်ဂျင်ဝိုင်နှင့် ကားအပိုပစ္စည်းနားလည်သူ ဦးစားပေးမည်။

**လျှောက်ထားရန်-**
**Asia Petroleum Co.,LTD. အမှတ် 122၊ ပြည်လမ်း၊ ၈မိုင်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၅၂၄၈၈၊ ၀၉-၂၅၀၀၉၁၆၂၁**

## ဝန်ထမ်းအမြန်အလိုရှိသည်
**Natural Clay Co., Ltd.**
**Email:humanresource@naturalclaytile.com**
**ဖုန်း-၀၁-၆၀၀၁၆၇၊ ၀၉-၇၉၇၈၁၂၃၄၄**

၁။ (JCB)စက်ရုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်း(၂)ဦး အလိုရှိသည်-

(က) **လ/ထမန်နေဂျာ(စီမံ)** ကျား(၁)ဦး
-တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
-ရုံးလုပ်ငန်းပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံ(၃)နှစ်ရှိရမည်။
-ကွန်ပျူတာအခြေခံနားလည်တတ်ကျွမ်းရမည်။
-အသက်(၃၅)နှစ်နှင့်အထက်ဖြစ်ရမည်။

(ခ) **ရုံးအုပ်** ကျား/မ(၁)ဦး
-တက္ကသိုလ်မှ ဘွဲ့ရရှိသူဖြစ်ရမည်။
-ရုံးလုပ်ထုံး၊ လုပ်နည်းနှင့် ရုံးလုပ်ငန်းကျွမ်းကျင်ပြီး အစည်းအဝေးမှတ်တမ်းစနစ်တကျရေးသားနိုင်သူဖြစ်ရမည်။
-အသက်(၄၀)အထက်ရှိသူဖြစ်ပြီး အစိုးရဝန်ထမ်းတာဝန်ထမ်းဆောင်ဖူးသူကို ဦးစားပေးခန့်ထားမည်။

၂။ လျှောက်ထားသူသည် ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်း၊ အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် သုံးလအတွင်း ရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ (J.C.B)စက်ရုံ၊ ရွာဦးဘုန်းကြီးကျောင်းလမ်း၊ သံတံတားကျေးရွာ၊ မှော်ဘီမြို့နယ်(ရေအိုးစင်မှတ်တိုင်တွင်ဆင်းရန်)သို့ လာရောက်လျှောက်ထားနိုင်ပါသည်။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နှင့် မှော်ဘီမြို့နယ်အတွင်း နေထိုင်သူများကို ဦးစားပေးခန့်ထားမည်။

## ၁၀-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ
## ကြော်ငြာကဏ္ဍ(င)ပါ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်သန်း၏
## ကြေညာချက်အပေါ် ကန့်ကွက်ရှင်းလင်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့် (ဇင်ကိုထက်ဆောက်လုပ်ရေး) (LC-၂၆၃) ၁၂/တမန(နိုင်)၁၁၃၃၂၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ရှင်းလင်းအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ်(၃)ဟုခေါ်တွင်သည့် လေးခန်းတွဲ၊ ခြောက်ထပ်တိုက် အဆောက်အအုံအား ကျွန်ုပ်မိတ်ဆွေဦးလှမြင့်(ဇင်ကိုထက်ဆောက်လုပ်ရေး)မှ တာဝန်ယူဆောက်လုပ်ခဲ့ပြီး ကန်ထရိုက်တာဦးလှမြင့်အနေဖြင့် ၄င်းရရှိသည့်အခန်းများအနက် အခန်းအမှတ် လေးလွှာ (A)၊ ငါးလွှာ (A)၊ ခြောက်လွှာ (A)၊ လေးလွှာ (B)၊ လေးလွှာ (C) အခန်းတို့အား ဒေါ်ခင်ဝင်းကြည်ထံသို့လည်းကောင်း၊ အခန်းအမှတ် ခြောက်လွှာ (D) အခန်းအား ဒေါ်ခင်မေဝင်းထံသို့လည်းကောင်း၊ ငါးလွှာ (D) အခန်းအား ဒေါ်ယဉ်ယဉ်မွန်ထံသို့လည်းကောင်း အသီးသီးအရစ်ကျစနစ်ဖြင့် စရန်ငွေတချို့တစ်ဝက်အား ရယူထားခြင်းသာရှိပြီး အဆိုပါအခန်းများနှင့်စပ်လျဉ်း၍အခြားမည်သူတစ်ဦးတစ်ယောက်ထံကိုမျှ တစ်ဆင့်လွှဲပြောင်းရောင်းဝယ်စရန်ငွေ ရယူထားခြင်းတစ်စုံတစ်ရာမရှိသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချရန် တရားဝင်ကိုယ်စားလှယ်စာလွှဲအပ်ထားခြင်းလည်းမရှိပါ။

သို့ဖြစ်၍ အထက်ဖော်ပြပါ အခန်းများနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေဦးလှမြင့် မသိရှိဘဲ အခန်းများကို ရောင်းချစရန်ငွေရယူနေခြင်းများနှင့်စပ်လျဉ်း၍ ကန့်ကွက်ကြောင်းနှင့် ရောင်းချသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနေလင်းအောင်** | **ဒေါ်ဇင်မိုးသူ** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၂၆၇၃** | **စဉ်-၃၀၉၀၅** |

**ဖုန်း-၀၉-၄၂၀၀၇၄၆၇၉၊ ၀၉-၂၅၀၅၁၄၀၈၈**

### အမည်မှန်

ဦးမြင့်လွင်ထွေး၏သားနှင့် သမီးဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူး အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ကျော်ဇင်မင်း၏ အမည်မှန်မှာ မောင်ကျော်စင်မင်းဖြစ်ပြီး ဆဋ္ဌမတန်း(က)မှ မဆွေဇင်မေ၏အမည်မှန်မှာ မရွှေစင်မေ ဖြစ်ပါကြောင်း။
**မောင်ကျော်စင်မင်း၊ မရွှေစင်မေ**

### အမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မလူကွေ့ခေါင်း၏ အမည်မှန်မှာ မလူကွေခေါင်း မွေးသက္ကရာဇ်မှာ ၃-၃-၁၉၉၇ ဖြစ်ပြီး၊ ဖခင်အမည်မှာ လူရှိန်ဖင့် MKO-၀၀၃၃၆၄ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မမိုးမိုးဦး၏ အမည်မှန်မှာ မအေးအိသို့ ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးကျော်လှ ဖြစ်ပါကြောင်း။
**မအေးအိ ၁၃/ကလတ(နိုင်)၀၃၉၀၄၁**

### အမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်နေ ဦးမောင်ထွန်း၏သမီး ဒေါ်သန်းသန်းရီ၏ အမည်မှန်မှာ ဒေါ်သန်းရီ ၁၁/မအန(နိုင်)၀၃၁၀၈၃ ဖြစ်ပါသည်။
**ဒေါ်သန်းရီ**

### ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနား၊အထက(၂)၊ တက္ကသိုလ်ဝင်တန်း(C)မှ မသိမ့်သိမ့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၉/ပမန(နိုင်)၂၁၂၆၀၀ ဖြစ်ပါကြောင်း။
**ဦးဝင်းဗိုလ်**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ညောင်အုပ်ဖီး အထက(ခွဲ) တက္ကသိုလ်ဝင်တန်း မှ မောင်သီဟဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဦးရေစာရင်းအရ ဦးကျော်ဆန်း ဖြစ်ပါကြောင်း။
**ဦးကျော်ဆန်း ၉/ဝတန(နိုင်)၀၇၃၃၈၀**

### ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ ဖဒို အထက၊ တက္ကသိုလ်ဝင်တန်း(င)မှ စောလဲပွယ်ထူး၏ ဖခင်အမည်မှန်မှာ စောကောလိရွှေ ၇/ကတခ(နိုင်)၀၁၁၅၆၀ ဖြစ်ပါသည်။
**စောကောလိရွှေ ၇/ကတခ(နိုင်)၀၁၁၅၆၀**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် (အထက)၊ တက္ကသိုလ်ဝင်တန်း(J)မှ မောင်မင်းချစ်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဖြစ်ပါသည်။
**ဦးအောင်ဆန်း**

### ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း $A_5$ မှ မချစ်သဲဝေ၏ ဖခင်အမည်မှန်မှာ ဦးရွှေရ ၉/တကန(ပြု)၀၀၀၀၅၇ ဖြစ်ပါကြောင်း။

## ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- ယာဉ်အို နှစ်(၂၀) အပ်ကား

**ဖုန်း-၀၉-၄၄၈၀၀၇၃၇၇**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ကျောင်းကုန်း (၃)လမ်း၊ အမှတ်(၈၃၁) (ဒုတိယထပ်-RC) သုံးလွှာ၊ ခြေရင်းခန်း (ဆောက်လုပ်ပြီး)အား ဒေါ်ခင်ဦး ၃/ဘအန(နိုင်)၀၅၃၇၄၈နှင့် ညီမ(၃)ဦး၊ပေါင်း(၄)ဦးမှပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်မ ဒေါ်ဝင်းမေမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**ဒေါ်ဝင်းမေ ၈/မကန(နိုင်)၀၃၃၉၆၅**
**ဖုန်း-၀၉-၄၀၁၅၄၄၂၃၈၉၊ ၀၉-၄၂၅၀၀၄၄၂၂**
**အမှတ် ၂၆/B ၊ပထမထပ်၊ကျောင်းကုန်း(၃)လမ်း၊အမှတ်(၇)ရပ်ကွက်၊လှိုင်မြို့နယ်**

# မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သင်္ဘောများဝယ်ယူရန် အစီအစဉ်ရှိနေ



မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ပြည်ပသို့ ပြေးဆွဲလျက်ရှိသော ဥဿာသင်္ဘောကို တွေ့ရစဉ်။

**ရန်ကုန်  အောက်တိုဘာ  ၁၈**

နိုင်ငံတစ်နိုင်ငံကုန်သွယ်ရေးတွင် ရေကြောင်းကုန်သွယ်မှု တိုးတက်ရန်မှာလည်း အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ရာ နိုင်ငံခြားတိုင်းပြည်များသို့ ရေကြောင်းမှ ကုန်တင်ပို့မှုနှင့် မိမိနိုင်ငံသို့ ပြည်ပမှကုန်ပစ္စည်းများတင်သွင်းရန်အတွက် ကုန်တင်သင်္ဘောများ လိုအပ်သည်။ မြန်မာနိုင်ငံတွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ပြည်တွင်းပြည်ပ ပြေးဆွဲနေသော သင်္ဘောများရှိရာ အနာဂတ်ကာလတွင် ရေနံတင်ပို့နိုင်သည့် သင်္ဘောများ ဝယ်ယူရန် အစီအစဉ်ရှိနေသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❐

# ကမ္ဘောဇနှင့် ဧရာဝတီ သရေကျပြီး တန်းဆင်းဇုန်မှ ဟံသာဝတီနှင့်ချင်း အနိုင်ရ

သတင်း-ရဲရင့်ရှိန်း

**တောင်ကြီး  အောက်တိုဘာ  ၁၈**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၂၀ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက တောင်ကြီးကွင်း၌ကျင်းပရာ ကမ္ဘောဇနှင့် ဧရာဝတီ အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

ပထမအကျော့က အဝေးကွင်း၌ ရှုံးနိမ့်ခဲ့သည့် ကမ္ဘောဇအသင်းမှာ ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ နှစ်သင်းစလုံး ကြိုးစားခဲ့သော်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ကမ္ဘောဇအသင်းမှာ အခွင့်အရေးပိုရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ထိပ်ဆုံးငါးသင်းစလုံး နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် အဆင့်ရပ်တည်မှုများ ပြောင်းလဲခဲ့ခြင်းမရှိပေ။

အမှတ်ပေးဇယားထိပ်ပိုင်းမှ အသင်းနှစ်သင်း၏ တွေ့ဆုံမှုဖြစ်ပြီး ကမ္ဘောဇအသင်းသည် အိမ်ကွင်း၌ အမာခံ

*စာမျက်နှာ ၁၀ ကော်လံ ၄* ▼

## ယနေ့ မာတိကာ

**ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးလျက်ရှိ** စာမျက်နှာ-၃

**ကွတ်ပူအမည်ရှိ တိုင်ဖုန်းမုန်တိုင်း ဖိလစ်ပိုင်အရှေ့မြောက်ပိုင်း ကယ်စီဂူရန်အော်ရီရာပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်** စာမျက်နှာ-၄

# ပြည်သူ့အချစ်တော် ဆင်မကြီး မိုမို၏ (၆၂) နှစ်ပြည့် မွေးနေ့ပွဲကျင်းပ



သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန်  အောက်တိုဘာ  ၁၈**

ဆင်မကြီး မိုမို၏ အသက် (၆၂) နှစ်ပြည့်မွေးနေ့ကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ကလေးငယ်များ၊ တိရစ္ဆာန်ချစ်သူများနှင့်အတူ ကျင်းပခဲ့သည်။ ယနေ့ကျင်းပသည့် ဆင်မကြီး မိုမို၏မွေးနေ့ပွဲသည် တနင်္ဂနွေအားလပ်ရက်နှင့် တိုက်ဆိုင်နေ၍ ပါဝင်ဆင်နွှဲကြသည့် ဧည့်ပရိသတ်များ သောင်းနှင့်ချီ၍ လာရောက်ခဲ့ကြသည်။

ဆင်မလေး မိုမို အသက် ခုနစ်နှစ်သမီး အရွယ်ကတည်းက ကယားပြည်နယ် လွိုင်ကော်မြို့မှ ဦးခွန်စန္ဒက၏ လှူဒါန်းမှုကြောင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရောက်ရှိခဲ့သည်။

ဆင်မကြီး မိုမိုသည် မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်ခဲ့သည့် မိသားစု တနင်္ဂနွေတေးသီချင်း၌ "ဆင်ကလေးနာမည် မိုမိုတဲ့ ဟေ ခေါ်ကြည့်စမ်းပါဟေ ×××မိုမိုရေ ××× မိုမိုရေ" ဟူသည့် စာသားဖြင့် လူသိများလာခဲ့သည်။

မိုမိုသည် နှစ်ပေါင်း ငါးဆယ်ကျော်ကြာ ကလေးငယ်များနှင့် ပြည်သူအများ ပျော်ရွှင်နိုင်စေရန်အတွက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဖျော်ဖြေမှုအစီအစဉ်များ ထမ်းဆောင်လျက်ရှိပြီး ပြည်သူအများ၏ ချစ်ခင်မှုကို ရရှိထားသည့် ဆင်မကြီးပင်ဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆

မိုမိုအား ဆင်ထိန်းကြီး ဦးမောင်မောင်နှင့်အတူ တွေ့ရစဉ်။







မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS